ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (20-5-2007) (၅၃၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သိန်းနီတပ်နယ်၏ ခြံစည်းရိုးကြက်ဆူကေ ၁၀၀ မျိုးစေ့ချပွဲသို့ တက်ရောက်အားပေး အထူးအထွက်တိုး နွေစပါးအောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လားရှိုးမြို့မှ မေ ၁၇ ရက် နံနက် ၉ နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် သိန်းနီမြို့နယ် စံလောင်းကျေးရွာအုပ်စု နားဆော့ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နားဆော့ကျေးရွာ၌ ကျင်းပသည့် သိန်းနီတပ်နယ် တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူကေ ၁၀၀ မျိုးစေ့ချပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊သိန်းနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်စိုးနှင့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သိန်းနီမြို့နယ်၏ ၂၀၀၆-၂၀၀၇ အထူးအထွက်တိုး နွေစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

❐ ***"မူလကမှ ရွေးကောက်ပွဲဥပဒေတွင် မပါရှိသော အာဏာလွှဲပြောင်းရေးကိစ္စ မဖြစ်နိုင်သည့် အခြေအနေတွင် မြွေပူရာကင်းမှောင့်ဆိုသလို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ နိုင်ငံရေးပရိယာယ် မကြွယ်ဝမှုက အာဏာနှင့်ဝေးသည်ထက်ဝေးအောင် တွန်းပို့လိုက်ပြန်လေသည်။"***

ရဲဘော်တင်ရွှေ၏ **"Date Out သွားပြီဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်"**

(ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၅-၂၀၀၇
(တနင်္ဂနွေနေ့)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက် ပြည်သူတစ်ရပ်လုံး အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး၊ သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းတို့သည် ဆက်စပ် ဖြစ်ပေါ်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် သုံးစွဲသူနှင့် နီးနွယ်လျက်ရှိသည့် လူမှုပတ်ဝန်းကျင်ကိုပါ ဆိုးကျိုးများ ပေါ်ပေါက်စေလျက်ရှိရာ နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးတိုက်ဖျက်နေကြပြီဖြစ်သည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်။ နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် မူးယစ်ဆေးဝါးများ ရှာဖွေဖမ်းဆီး ဖျက်ဆီးခြင်း၊ တရားခံများအား တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်း စသည့်နည်းလမ်းများသာမက ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေမည့် အစီအမံများကိုလည်း ချမှတ်လုပ်ဆောင်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးလေ့ရှိတတ်သည့် နယ်မြေဒေသများရှိ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝများ မြင့်မားလာရေးအတွက် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ရေးတို့ကိုလည်း အားပေးကူညီလျက်ရှိသည်။ အကျိုးရလဒ်အဖြစ် တောင်သူများကိုယ်တိုင် ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလား စွန့်လွှတ်လာကြသည်။ ဘိန်းမျိုးစေ့များ၊ ဘိန်းသီးခြောက်များကို ဒေသအာဏာပိုင်များထံ လာရောက်အပ်နှံခဲ့ကြသည်။

ထို့အပြင် စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်မှုများ တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတွင်း၌သာမက ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်သည့် အိမ်နီးချင်းနိုင်ငံများနှင့်ပါ လက်တွဲ၍ ပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပြည်တွင်း၌ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲအတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲ၍ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက အရှိန်အဟုန်မြှင့် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါးများ ပပျောက်ကင်းစင်သွားမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်လိုင်းများ သတ်မှတ်နှုန်းထက် ပိုမိုမတောင်းခံရေး ကြပ်မတ်စစ်ဆေး ရေယာဉ်များ တိုက်ခိုက်နစ်မြုပ်မှုမရှိစေရေး သတ်မှတ်လမ်းကြောင်းအတိုင်းမောင်းနှင်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးချို့ယွင်းနေသည့်မီးပွိုင့်များ အမြန်ဆုံးကောင်းမွန်ရေးအတွက် ပြင်ဆင်ကြရန်၊ ရန်ကုန်မြို့အတွင်း ရေမြောင်း ပိတ်ဆို့၍ ရေလွှမ်းမိုးမှု မရှိစေရေးအတွက် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများ၊ ကုမ္ပဏီများက ရေနုတ်မြောင်းများ၊ နောက်ဖေးလမ်းကြား မိလ္လာကန်များ၊ အရေးပေါ်လှေကားများ၊ ရေထုတ်ပေါက်များကို သတ်မှတ်ချက်အတိုင်း စနစ်တကျ တည်ဆောက်ကြရေး ကြပ်မတ်သွားကြရန်၊ ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်းများ မရှိစေရေးအတွက် ယာဉ်လိုင်းများက ကြပ်မတ် စစ်ဆေးသွားရန်နှင့် တွေ့ရှိပါက ထိရောက်စွာ အရေးယူသွားကြရန်၊ မိုးရာသီဗျာကာလ၌ မြစ်ချောင်းများအတွင်း စက်တပ်သမ္ဗန်၊ ရေယာဉ်၊ သင်္ဘော၊ ကုန်တင်တွဲ ရေယာဉ်များ အရှိန်မထိန်းနိုင်ဘဲ တိုက်ခိုက်နစ်မြုပ် ဆုံးရှုံးမှု မရှိစေရေးအတွက် မိမိတို့ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ကြရန်နှင့် မဆင်မခြင် မောင်းနှင်မှု မရှိစေရေးကို ကြီးကြပ်မှုကော်မတီက ကြပ်မတ်စစ်ဆေးသွားရန်၊ CNG သုံး မော်တော်ယာဉ်များကို အချိန်တိုအတွင်း ဖြည့်ပေးနိုင်ရေး၊ အဓိက အချက်အချာကျသော အရောင်းဆိုင်များတွင် ကွန်ပရက်ဆာများ တိုးချဲ့တပ်ဆင်ပေးသွားရန်၊ CNG အရောင်းဆိုင် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ မြို့တွင်း အချက်အချာကျသော လူကူးမျဉ်းကျားများတွင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များချထား၍ ပညာပေးဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအသီးသီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိစ္စရပ်များ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် တက္ကသိုလ်၊ ကောလိပ်ကြိုပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။(သတင်းစဉ်)

မိုးကုတ်ဝိပဿနာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၉

ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၆)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရား သင်တန်း၌ ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မေ ၂၆ ရက်မှ ၃၀ ရက်အထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်ကြောင်းနှင့်အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဝိပဿနာစခန်း ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ (က-ပ)

အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

နေပြည်တော် မေ ၁၉

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် ဗဟိုကော်မတီများ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပြည်၊ တောင်ကြီးမြို့များမှ ပုဂ္ဂလိက လုပ်ငန်းရှင်များအား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် စပ်လျဉ်း၍ တွေ့ဆုံရှင်းလင်းရန် လိုအပ်ကြောင်း အသေးစိတ် မှာကြားသည်။

ပါဝင်ဆွေးနွေး

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာတင်မင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့အား လာအိုသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် အလုပ်အမှုဆောင် ဦးမျိုးသန့်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. Souphakhet သည် မေ ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုအပြန်အလှန် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ကုန်သည် စက်မှုအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးရေးကိစ္စ၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ ဦးသန်လျှင်-ဒေါ်မြင့်မြင့်ကြည် မိသားစုက ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

Date Out သွားပြီဖြစ်သော ၁၉၉၀ ရွေးကောက်ပွဲရလဒ်

ရဲဘော်တင်ရွှေ

သိကြပြီးဖြစ်သည့်အတိုင်း ၁၉၉၀ ပြည့်နှစ်က အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အများစု အနိုင်ရခဲ့သည်။

မဲဆန္ဒနယ်ပေါင်း ၃၀၀ ကျော်တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ မဲဆန္ဒနယ် ၃၀၀ ကျော် အနိုင်ရခြင်းကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယင်းတို့အား နိုင်ငံတော်အာဏာ အမြန်ဆုံးလွှဲပြောင်းပေးရန် ဂန္ဓီညီလာခံမှနေ၍ တောင်းဆိုလိုက်လေသည်။

ထိုကာလက လောလောဆယ် ကျင်းပပြီးစီးခဲ့သော ပါတီစုံအထွေထွေ ရွေးကောက်ပွဲအပေါ် အမြင်ချင်းမတူ ကွဲပြားခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယင်းရွေးကောက်ပွဲသည် "အာဏာလွှဲပြောင်းပေးမည့် ရွေးကောက်ပွဲ"ဟုခံယူသည်။

ကျွန်တော်သည် ထိုစဉ်က ပြည်သူ့ဒီမိုကရေစီပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သည်။ ကျွန်တော်တို့က ယခုကျင်းပမည့် ရွေးကောက်ပွဲအပေါ် သုံးသပ်ရာ၌ **"အာဏာပြဿနာ"**ဟု ရှုမြင်ခြင်း မရှိ။ **"ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရမည့် အဆင့်သာရှိသည့် တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ယူမည့် ရွေးကောက်ပွဲ"**ဟု သတ်မှတ်သည်။

ထိုအမြင်အတိုင်းပင် မဟာမိတ်ပါတီများသို့ တင်ပြခြင်း၊ မြန်မာ့ရုပ်မြင်သံကြားမှ ပြည်သူတို့ထံ တင်ပြခြင်း၊ ကျွန်တော်တို့ ပြည်သူ့ဒီမိုကရေစီပါတီမှ ဌာနချုပ်ခေါင်းဆောင်များသည် မိမိတို့ စည်းရုံးရေးရှိရာ မြို့နယ် ကျေးရွာအသီးသီးသို့ သွားရောက်ကာ ပြည်သူများအား ပါတီ၏ ရွေးကောက်ပွဲအပေါ် သဘောထားကို ပွင့်လင်းစွာ ဆွေးနွေးဟောပြော တင်ပြခြင်းများ ပြုခဲ့ပါသည်။

ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမှ ပြည်သူသို့ ချပြခဲ့သော ရွေးကောက်ပွဲ ဥပဒေမူကြမ်းတွင် အာဏာနှင့်ပတ်သက်သော ဥပဒေပြုခွင့်အာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ ပိုင်စိုးသော လွှတ်တော်ဟူ၍ လုံးဝပင် ဖော်ပြထားခြင်း မရှိခဲ့ပါချေ။

ထိုခေတ် ရှေ့ဆောင်ပါတီအသီးသီးက အာဏာနှင့်ပတ်သက်၍ လိုအပ်နေသောအချက်ကို ဖြည့်စွက်ပေးပါရန် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကော်မရှင်သို့ ဝိုင်းဝန်းအကြံပြုတင်ပြခဲ့ကြစေကာမူ ဥပဒေ အတည်ပြုပြီး အချောထုတ်ပြန်သောအခါ၌လည်း လုံးဝမပါရှိခဲ့ပေ။

ထို့အတူ လွှတ်တော်ခေါ်ယူကျင်းပမည့် အချိန်ဇယားကိုလည်း တိတိကျကျ သတ်မှတ်ဖော်ပြခြင်းမရှိခဲ့ပါ။ (ဤအချက်ကိုမူ တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားမှုအခြေအနေအရဟု နားလည်သဘောပေါက်ကြပါသည်။)

ဤသို့ဆိုလျှင် ဤရွေးကောက်ပွဲဥပဒေအရ ကျင်းပသည့် အထွေထွေ ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ရည်ရွယ်ထားကြောင်း ပေါ်လွင်ထင်ရှားပါ၏။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဤသို့မမြင်။ အာဏာလွှဲအပ်ရန်သာ အသံကျယ်လောင်စွာဖြင့် တောင်းဆိုခဲ့လေသည်။

ဤတွင် အခြေအနေမှာ ခုတ်ရာတခြား ရှရာတခြားဖြစ်ကာ အာဏာလွှဲပြောင်းမှုလည်း ဖြစ်မလာ၊ လွှတ်တော်ကိုလည်း ခေါ်ယူကျင်းပခြင်းမပြုခဲ့၊ အရွေးချယ်ခံရသော ကိုယ်စားလှယ်များပင် ကျမ်းသစ္စာ ကျိန်ဆိုကာ တရားဝင်လွှတ်တော်ကိုယ်စားလှယ်ဖြစ်မလာခဲ့။

မူလကမှ ရွေးကောက်ပွဲဥပဒေတွင် မပါရှိသော အာဏာလွှဲပြောင်းရေး ကိစ္စမဖြစ်နိုင်သည့် အခြေအနေတွင် မြွေပူရာကင်းမှောင့်ဆိုသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေး ပရိယာယ်မကြွယ်ဝမှုက အာဏာနှင့် ဝေးသည်ထက်ဝေးအောင် တွန်းပို့လိုက်ပြန်လေသည်။

ထိုသည်မှာ အခြားမဟုတ်၊ မဲပေးနိုင်သူ မဲဆန္ဒရှင်များ၏ ဆန္ဒမဲရရှိ ထားသည့် အခြေအနေပေါ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များ မာန်တက်ပြီး မပြောသင့် မပြောထိုက်သည့် တရားလက်လွှတ်စကားများ ပြောကြားလာခြင်းသည်လည်း အပါအဝင်ဖြစ်လေသည်။

ထိုအတောအတွင်း ခေတ်သစ်ကိုလိုနီနယ်ချဲ့ အမေရိကန်နှင့် အပေါင်းပါနိုင်ငံများက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရအပေါ် အာဏာလွှဲပြောင်းရေးကို နည်းမျိုးစုံသုံး၍ ဖိအားပေးလာသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် တပ်မတော်ကို အခြေခံကာ ဖွဲ့စည်းထားသော အစိုးရဖြစ်သည်။ တပ်မတော်သည် နယ်ချဲ့နှင့်တကွ ဖက်ဆစ်တို့ကိုပါ ဆန့်ကျင်တိုက်ပွဲဝင်ကာ ဖွဲ့စည်းဖြစ်ပေါ်လာသော အမျိုးသားရေးအင်အားစုဖြစ်သည်နှင့်အညီ ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ ဖိအားပေးမှုကို တုန်လှုပ်ခြင်းကင်းစွာ အရေးမထားခဲ့။ မိမိလျှောက်လှမ်းရမည့် အမျိုးသားရေးအကျိုးစီးပွားကိုသာ ရှေးရှုလျက် ရပ်တည်ခဲ့လေသည်။

နောက်ဆုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် တစ်မျိုးသားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခွင့်ရှိသော **"အမျိုးသား ညီလာခံကြီး"**ကို ခေါ်ယူကျင်းပခဲ့လေသည်။ ညီလာခံကိုယ်စားလှယ်များအဖြစ် အရွေးချယ်ခံရသော ပါတီများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များကိုပါ တက်ရောက်စေခဲ့၏။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှလည်း လက်ခံတက်ရောက်ခဲ့သည်။

ထိုသို့ တိုးတက်ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေအပေါ် ပြည်သူတစ်ရပ်လုံးက **"အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစ"** ပွင့်လာလေပြီဟု ဝမ်းသာပီတိ ဖြစ်ခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း အာဏာလွှဲပေးရေးပြဿနာ၊ လွှတ်တော်ခေါ်ယူရေးပြဿနာ၊ တွေ့ဆုံဆွေးနွေးရေးပြဿနာတို့ကို မပြောတော့ဘဲ ညီလာခံအတွင်း၌သာ ညှိနှိုင်းဆွေးနွေးခဲ့သည်ကို တွေ့မြင်ကြားသိရလေသည်။

ဤအခြေအနေမှာ အလွန်တရာ ကြည်နူးပီတိဖြစ်ဖွယ်ကောင်းသော နိုင်ငံရေးအခြေအနေဖြစ်သည်။

သို့သော် ဒေါ်စုကြည်အား တားဆီးထားခြင်းမှ ရုပ်သိမ်းပေးပြီးသော အခါ၌ကား အခြေအနေသည် ပြောင်းလဲသွားလေတော့သည်။ သာယာနေခဲ့သော နိုင်ငံရေးရာသီဥတုမှာ မိုးမှောင်ကျမုန်တိုင်းထန်သည့်အဖြစ်သို့ ဆိုးဆိုးရွားရွား ရောက်ရှိသွားလေတော့၏။

နယ်ချဲ့လက်သစ်၏ ရုပ်သေးရုပ်တစ်ရုပ်သာဖြစ်သော ဒေါ်စုကြည်အား အမေရိကန်နှင့် အပေါင်းပါတို့ ကြိုးဆွဲလိုက်သည့်ကကွက်ကတော့ မင်းသမီးအကမဟုတ်၊ ဘီလူးကသာလျှင် ဖြစ်လေသည်။

အလုံးစုံ ပျက်သုဉ်းရေးလမ်းကို ရွေးမလား၊ တွေ့ဆုံဆွေးနွေးရေးလမ်းကို လိုက်မလားဟု ရာဇသံပေးလာသည်။

ညီလာခံတက်ရောက်နေကြသော NLD ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားကြသည်။ ဤသို့အားဖြင့် ညီလာခံကြီးကို ရပ်နားထားရသည့် အခြေအနေဆိုက်ရောက်ခဲ့ရ၏။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခတ်ပြားဟောင်းကြီးကို မဓောနိုင် မပန်းနိုင် ပြန်ဖွင့်လာသည်။

ရွေးကောက်ပွဲရလဒ်အရ အာဏာအပ်နှင်းပါ ဟူ၍ အော်လာပြန်သည်။ ထိုမျှမက လွှတ်တော်ကိုယ်စားပြု ကော်မတီဆိုကာ ဖွဲ့စည်းလှုပ်ရှားလာသည်။

ဒေါ်စုကြည်ကလည်း ထိပ်တိုက်ရင်ဆိုင်ရေးလှုပ်ရှားမှုအဖြစ် မြန်မာ နိုင်ငံ နေရာအနှံ့အပြားသွားကာ ထင်တိုင်းကြဲလာသည်။ ဤတွင် ဒီပဲယင်း ပြဿနာပေါ်ကာ ဒေါ်စုကြည်အား ပြန်လည်တားမြစ် ကန့်သတ် လိုက်ရလေသည်။

ဒေါ်စုကြည်၏ ပရမ်းပတာနိုင်မှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် စိတ်ဝမ်းများ ကွဲပြားလာကြသည်။ အဖွဲ့ချုပ် ထိပ်ပိုင်းခေါင်းဆောင်တစ်စုနှင့် ပါတီနောက်လိုက်များမကျေမလည် ဖြစ်လာကြသည်။

လွှတ်တော်ကိုယ်စားလှယ်ဆိုသူတွေ ဟောတစ်ယောက်၊ ဟောတစ်ယောက် နုတ်ထွက်ခဲ့ကြသည်။ အထွေထွေရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ဆန္ဒအလျောက် တရားဝင်စာတင်ကာ နုတ်ထွက်ကုန်ကြသည်။

ပြည်ပြေးလုပ်သွားကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရွေးချယ်ခံပုဂ္ဂိုလ်များ၏ အရေအတွက်ကလည်း မနည်းလှ။ နောက်ပြီး သေဆုံးကုန်သောပုဂ္ဂိုလ်များကလည်းရှိသေးရာ မူလရရှိထားသည့် အရေအတွက်ထက် ထက်ဝက်ခန့်မျှမက လျော့နည်းသွားပြီဖြစ်လေသည်။

ရွေးကောက်ပွဲတစ်ပွဲကျင်းပပြီး ထိုရွေးကောက်ပွဲ၏ ရလဒ်အရ အကောင်အထည်ဖော်ရေးကိစ္စမှာ သက်တမ်းအားဖြင့် လေးနှစ် သို့မဟုတ် ငါးနှစ်ထက်မပိုပါ။ ယခု ၁၉၉၀ ရွေးကောက်ပွဲ၏ ရလဒ်ဆိုသည်မှာလည်း လေးနှစ် ငါးနှစ် ကျော်ခဲ့စဉ်ကပင် ပျက်ပြယ်ခဲ့ပြီးဖြစ်၏။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်သာဖြစ်ရာ ယခုအခါ တာဝန်ရှိသူတို့က **"အမျိုးသားညီလာခံကြီး"** ကျင်းပ၍ အခြေခံရမည့် မူများ ညှိနှိုင်းချမှတ်ခဲ့ရာ ပြီးစီးသလောက်ဖြစ်နေလေပြီ။ ထိုညီလာခံ၌လည်း အရွေးချယ်ခံ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်လျက်ရှိကြသည်။

ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်ဆိုသည်မှာ တစ်ဆယ့်ခုနစ်နှစ်ပင် ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုခေတ် အသုံးများသော စကားလုံးနှင့်ပြောရမည်ဆိုပါလျှင် Date Out နေလေပြီ။ ။

> **ရွေးကောက်ပွဲတစ်ပွဲကျင်းပပြီး ထိုရွေးကောက်ပွဲ၏ ရလဒ်အရ အကောင်အထည်ဖော်ရေးကိစ္စမှာ သက်တမ်းအားဖြင့် လေးနှစ် သို့မဟုတ် ငါးနှစ်ထက် မပို။ ယခု ၁၉၉၀ ရွေးကောက်ပွဲ၏ ရလဒ်ဆိုသည်မှာလည်း လေးနှစ် ငါးနှစ် ကျော်ခဲ့စဉ်ကပင် ပျက်ပြယ်ခဲ့ပြီးဖြစ်။**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ ကရပ်စ်နိုရာစကီးမြို့ရှိ သတ္တုသန့်စင်စက်ရုံမှ ထုတ်လုပ်ပြီး အလူမီနီယံချောင်းများကို မေ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဂျပန်တွင်သေနတ်သမားက လူသုံးဦးကို ပစ်ခတ်၊ အခြားတစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထား

တိုကျို မေ ၁၈

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် တစ်ချိန်က လူဆိုးဂိုဏ်းဝင်တစ်ဦး ဖြစ်ခဲ့ဖူးသူ သေနတ်သမားတစ်ဦးက ၎င်း၏သား၊ သမီးနှင့်ရဲအရာရှိတစ်ဦးတို့ကို ကြာသပတေးနေ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး အမျိုးသမီးဓားစာခံနှင့်အတူအိမ်အတွင်း ပုန်းအောင်းနေကြောင်း၊ ရဲအရာရှိကိုလည်း ထိန်းသိမ်းထားကြောင်း ဒေသခံသတင်းဌာနက ပြောကြားသည်။

ကယ်တင်

၎င်းသေနတ်သမား၏ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသည့် သားနှင့်သမီးတို့ကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ရဲအရာရှိကိုမူ ရဲတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်။

၎င်းရဲအရာရှိကို ကယ်တင်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ၎င်း၏အခြေအနေနှင့် ပတ်သက်၍ ပြောကြားနိုင်မှု မရှိသေးကြောင်း၊ သေနတ်သမားနှင့် ၎င်း၏ဓားစာခံသည် အိမ်အတွင်းရှိနေသေးကြောင်း၊ ရဲအရာရှိကို ကယ်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေနတ်ပစ်ခံရပြီး ဆေးရုံသို့ပို့ခဲ့ကြောင်း ရဲဌာနမှပြောရေးဆိုခွင့်ရှိသူကအတည်ပြုပြောကြားသည်။

အိမ်အတွင်း ဖမ်းဆီးထားသော ဓားစာခံမှာ ၎င်းသေနတ်သမား၏ဇနီးဖြစ်ဖွယ်ရှိသည်ဟုသတင်းဌာနကဆက်လက်ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆိုမာလီရေပြင်တွင် လက်နက်ကိုင်များက သင်္ဘောနှစ်စင်းကို ဖမ်းဆီး

နိုင်ရိုဘီ မေ ၁၈

ကမ္ဘာ့ရေပြင်များအနက် အန္တရာယ်အများဆုံး ရေပြင်တစ်ခုဖြစ်သည့် ဆိုမာလီရေပြင်တွင် သင်္ဘောသုံးစင်းကို လက်နက်ကိုင်များက တိုက်ခိုက်ပြီးနောက် သင်္ဘောနှစ်စင်းကို ဖမ်းဆီးသွားကြောင်း ကင်ညာနိုင်ငံ အရာရှိများက မေ ၁၆ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးသွားသော သင်္ဘောနှင့်အတူ အာရှနိုင်ငံ သင်္ဘောသားများကိုလည်း ဓားစာခံအဖြစ်ခေါ်ဆောင်သွားကြောင်း သိရသည်။ အပိုင်စီးခံရသော သင်္ဘောနှစ်စင်းမှာ မာဘူနို(၁)နှင့် မာဘူနို(၂) သင်္ဘောများဖြစ်ပြီး ကင်ညာနိုင်ငံမှ ယီမင်နိုင်ငံသို့ထွက်ခွာသွားသောသင်္ဘောများဖြစ်ပြီး အရှေ့အာဖရိက သင်္ဘောသားများအသင်းမှ ညွှန်ကြားရေးမှူး အန်ဒရူးမဝမ်ဂူရာက ပြောကြားသည်။

ထိုသင်္ဘောများသည် တန်ဇန်နီးယားနိုင်ငံ၌ မှတ်ပုံတင်ထားသော သင်္ဘောများဖြစ်ကာ တောင်ကိုရီးယားနိုင်ငံမှ ပိုင်ဆိုင်ကြောင်းသိရသည်။ ပင်လယ်ပြင်အရောက်တွင် လက်နက်ကိုင် ၁၂ ဦးက ငါးဖမ်းသင်္ဘော နှစ်စင်းကို အပိုင်စီးခဲ့ကြခြင်းဖြစ်သည်။ ယင်းသင်္ဘောများသည် ကင်ညာနိုင်ငံ မွန်ဘာဆာဆိပ်ကမ်း၌အခြေစိုက်သည့် ငါးဖမ်းသင်္ဘောများ ဖြစ်သည်။

လက်ရှိအခြေအနေတွင် ထိုသင်္ဘောများသည် အဖမ်းခံထားရကြောင်းသာ သိရှိရပြီး သင်္ဘောများ မည်သည့်နေရာ၌ ရောက်ရှိနေသည်ကို အတိအကျ မသိရဟုဆိုသည်။ ထိုသင်္ဘောပေါ်တွင် တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ကိုရီးယားလူမျိုး သင်္ဘောသား ၃၀ ခန့်ပါသွားကြောင်း သိရသည်။

တတိယသင်္ဘောမှာ အပိုင်စီးခံရခြင်းမှ လွတ်မြောက်သွားသည့် အက်ရောနပ်စ်အမည်ရှိ ကုန်သင်္ဘောဖြစ်ပြီး ယင်းသည် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ဦးတည် ခုတ်မောင်းလျက်ရှိကြောင်း သတင်းရရှိသည်ဟုဆိုသည်။

ဆိုမာလီနိုင်ငံတွင် မငြိမ်မသက်မှုများပေါ်ပေါက်သည့် ၁၉၉၁ ခုနှစ်အချိန်မှစ၍ ယင်းနိုင်ငံ၏ရေပြင်တွင် ပင်လယ်ဓားပြမှုများ တိုးပွားလာခြင်းဖြစ်ကြောင်း သိရသည်။ ထိုပင်လယ်ဓားပြအများစုသည် တစ်ချိန်က ကမ်းခြေစောင့်တပ်ဖွဲ့များ ဖြစ်ခဲ့သည်ဟု သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံမိုဆူးလ်မြို့တွင်ကားဗုံးပေါက်ကွဲ၊ ၂၁ဦး သေဆုံး

မိုဆူးလ် မေ ၁၈

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် မေ ၁၇ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်များ အပါအဝင် လူ ၂၁ ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

ပြောကြား

မိုဆူးလ်မြို့လယ်ရှိ နာဆာရဲစခန်းကို ကားဗုံးငါးလုံးဖြင့် တိုက်ခိုက်ခံခဲ့ရသည်။ ထိုစခန်းတွင်တိုက်ခိုက်ရေးသမား ဒါဇင်ပေါင်းများစွာကို ဖမ်းဆီးထားသည်ဟု နီနီဗစ်ချ်ပြည်နယ်မှ အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့ဆက်တိုက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းမှာ အကျဉ်းသားများကို လွှတ်ပေးရန် ရည်ရွယ်ချက်ဖြင့် ကြိုးပမ်းခြင်းဖြစ်နိုင်ကြောင်း သိရသည်။ သို့ရာတွင် အစောင့်အကြပ် ထူထပ်စွာရှိသော ရဲစခန်းကို စီးနင်းနိုင်ခြင်းမရှိဟု ဆိုသည်။

ဖျက်ဆီး

ကျန်ကားဗုံးသုံးလုံးအနက် တစ်လုံးမှာအီရတ်တပ်ဖွဲ့များ ကာဘက်အရပ်သို့ အရောက်တွင် ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ မိုဆူးလ်မြို့လယ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ တတိယဗုံးကိုမူ ရဲတို့က တွေ့ရှိခဲ့ပြီး ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း သတင်းက ဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျန်ပြည်နယ် ရီဝူမြို့တွင်ပြုလုပ်သည့် ရဲလုပ်ငန်းသုံး ပစ္စည်းများပြပွဲ၌ ကုန်းရော ရေ၌ပါ သွားနိုင်သော ယာဉ်တစ်စင်းအား မောင်းနှင်ပြသနေသည်ကို မေ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကားကြုံစီးရင်း ကားခိုးသူအမျိုးသမီး ယာဉ်တိုက်မှုဖြစ်၍သေဆုံး

အော့တာဝါ မေ ၁၈

ကနေဒါနိုင်ငံသူ အမျိုးသမီးသည် အမျိုးသားတစ်ဦး မောင်းလာသောကားကို လမ်းကြုံစီးခဲ့ပြီးနောက်ကားကို ခိုးယူခဲ့ကြောင်း၊ မိနစ်အနည်းငယ်အကြာတွင် ၎င်းသည် ကားအရှိန်ကို မထိန်းနိုင်ဘဲ သစ်ပင်နှင့် ဝင်တိုက်ကာ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၁၄ ရက်တွင် ပြောကြားသည်။ အသက် ၂၀ ရှိ မန်ဒီဒက်စ်ဆိုသူ အမျိုးသမီးသည် ကားကြုံလိုက်ခဲ့ပြီးနောက် အော့တာဝါမြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာ ဟောကက်စ်ဘူရီမြို့အနီးတွင် ယာဉ်တိုက်မှုဖြစ်ခဲ့သည်။

အဆိုပါကားကို မောင်းနှင်လာသူသည် ကားပေါ်မှ ခေတ္တဆင်းနေချိန်တွင် ကားကြုံစီးလာသူအမျိုးသမီးက ကားကို ခိုးယူမောင်းနှင်ခဲ့ရာ လမ်းကျဉ်းထဲမောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ သစ်ပင်နှင့် ဝင်တိုက်ခဲ့သည်။ ၎င်းသည် ဆေးရုံ၌ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး မျှတစွာရရှိရန် ဖွံ့ဖြိုးဆဲနိုင်ငံများတောင်းဆို

ဂျီနီဗာ မေ ၁၈

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုရန်အတွက် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးကာကွယ်ဆေးကို မျှတစွာ ရရှိရန် အင်ဒိုနီးရှား ဦးဆောင်သော ဖွံ့ဖြိုးဆဲနိုင်ငံများက မေ ၁၅ ရက်က တောင်းဆိုခဲ့သည်။

တင်ပြ

နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထုတ်လုပ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးခွဲတမ်းကို မျှတစွာ ပြန်လည်ရယူလိုကြောင်း ပြောကြားပြီးနောက် ၁၇ နိုင်ငံမှ တင်ပြခဲ့သည့် သုံးသပ်ချက် အစီရင်ခံစာ ထွက်ပေါ်လာခဲ့သည်။ ဒဗလျူအိပ်ချ်အို၏ နှစ် ၅၀ကြာ ခွဲတမ်းစနစ်သည်ဆင်းရဲသောနိုင်ငံများအတွက်မျှတမှုမရှိကြောင်း၊ ဗိုင်းရပ်စ် ကာကွယ်ဆေးများ စီးပွားဖြစ် ဈေးကွက်တင်ရောင်းရာတွင်ဆင်းရဲသည့်နိုင်ငံများသည်ယခုအချိန်ထိ ဈေးနှုန်းလက်လှမ်းမမီဘဲရှိနေကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေး ဌာနဝန်ကြီး ဆီတီဖာလီလာဆူပါရီက ပြောကြားသည်။

အခမဲ့ထောက်ပံ့

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေးများပေးနေသည့်စနစ်မှာ မမျှတကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို အခမဲ့ထောက်ပံ့ရမည် ဖြစ်ကြောင်း၊ သို့သော် ဆေးဝါးရောင်းချသည့်ကုမ္ပဏီများသည် ယင်းဆေးဝါးအတွက် မူပိုင်ခွင့် ရရှိထားကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အဆိုပါဆေးဝါး ရောင်းချသည့် နှုန်းထားကို မတတ်နိုင်ကြောင်း ဆူပါရီက အဆိုပါဆွေးနွေးပွဲ၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီနိုင်ငံ ဗင်းနစ်မြို့ မြင်ကွင်းကို မေ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘရာဇီးနိုင်ငံ ဘာစီလိုနာမြို့တွင် ပြုလုပ်သည့် ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲ၌ မီးလောင်နေသောပြိုင်ပွဲဝင်ကားတစ်စီးအား မီးသတ်အဖွဲ့ဝင်များက မီးငြိမ်းသတ်နေသည်ကို မေ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသတွင် ကားပုံးပေါက်ကွဲ၊ ကိုးဦးထက်မနည်း သေဆုံး

ဖလူးဂျာ(အီရတ်) မေ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ အနောက်ပိုင်း ကီလိုမီတာ ၅၀ အကွာရှိ ဖလူးဂျာမြို့အနီး အသေခံဗုံးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် လူကိုးဦးထက်မနည်း သေဆုံးပြီး အခြားလူငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲသတင်းရပ်ကွက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဗုံးပေါက်ကွဲ

အသေခံဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာပစ္စည်း အပြည့်အသိပ် တင်ဆောင်လာသည့် မော်တော်ယာဉ်ကို ဗုဒ္ဓဟူးနေ့က မောင်းနှင်လာပြီး အယ်လ်-ဟစ်ဆီဒေသရှိ လူအုပ်အတွင်း ဝင်တိုက်ပြီး ဗုံးဖောက်ခွဲခဲ့သဖြင့် လူခြောက်ဦးသေဆုံးကာ အခြားလူလေးဦးဒဏ်ရာရရှိသည်ဟု အဆိုပါ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ယင်းဗုံးပေါက်ကွဲပြီးနောက်ဒေသခံများအားသေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ တိုက်ခိုက်မှုများ အပြင်းအထန် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် တိုက်ခိုက်သူသုံးဦးသေဆုံးပြီး ဒဏ်ရာရသူများရှိကြောင်း ဖော်ပြထားသည်။

ဆွန်နီလူမျိုးစုများနှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများအတွင်း သဘောထားကွဲလွဲကာ တိုက်ခိုက်ကြခြင်း ဖြစ်သည်ဟု ဒေသခံလူများက ပြစ်တင်ပြောကြားနေကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ နုတ်ထွက်မည်

ဝါရှင်တန် မေ ၁၈

အမေရိကန်လူမျိုး ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ပေါလ်ဝုဖိုဝစ်သည် ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌအဖြစ်မှ ဇွန် ၃၀ ရက်တွင် နုတ်ထွက်မည်ဖြစ်ကြောင်း မေ ၁၇ ရက်က ပြောကြားသည်။

၎င်း၏ချစ်သူ အမျိုးသမီးအား ရာထူးတိုးမြှင့်ပေးမှုနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ် စည်းကမ်းကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရပြီးနောက် ရာထူးမှ ထွက်ပေးရန် တောင်းဆိုမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

လစ်လပ်သွားသော ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌ နေရာအတွက် အရွေးခံမည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်ကို သမ္မတဘုရှ်၏ ရုံးက အလျင်အမြန် ကြေညာသွားရန် အစီအစဉ်များ ဆောင်ရွက်နေကြောင်းသိရသည်။ ယခုကဲ့သို့ ပေါလ်ဝုဖိုဝစ်နုတ်ထွက်မှုကြေညာလိုက်သဖြင့် ၎င်း နှစ်နှစ်တာ တာဝန်ထမ်းဆောင်မှု လုပ်ငန်း အဆုံးသတ်သွားပြီ ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လာအိုနိုင်ငံမြောက်ပိုင်းတွင် အသေးစားငလျင် ၁၁ကြိမ်လှုပ်

ဗန်ကောက် မေ ၁၈

လာအိုနိုင်ငံတွင် ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိ မြေငလျင် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက လှုပ်ခဲ့ပြီးနောက် ညပိုင်းတွင် အင်အားပျော့သည့် ငလျင်ငယ် ၁၁ကြိမ်လှုပ်ခဲ့ကြောင်း ထိုင်းမိုးလေဝသဌာနမှ ညွှန်ကြားရေးမှူးချုပ် ဆူပါလပ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါငလျင်များသည် ရစ်ချ်တာစကေး ၄ဒသမ၇နှင့် ၄ဒသမ၉ အင်အားရှိသည်ဟု ဆူပါလပ်၏ ပြောကြားချက်ကို ကိုးကား၍ နေးရှင်းသတင်းစာက ဖော်ပြသည်။

လာအိုနိုင်ငံမြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့ညနေ ၃နာရီ၅၆မိနစ်က ရစ်ချ်တာစကေး ၆ဒသမ၁ရှိ ငလျင်လှုပ်ခဲ့ရာ ငလျင်၏ဗဟိုချက်သည် ထိုင်းနိုင်ငံမြောက်ပိုင်း ချန်ကောင်းခရိုင်မှ ၆၁ကီလိုမီတာခန့်ဝေးသည့် လာအိုနိုင်ငံမြောက်ပိုင်းတွင် ဖြစ်သည်။

အင်အားပျော့ငလျင်ဆက်တိုက်လှုပ်မှုကြောင့် ပျက်စီးမှုမရှိကြောင်း၊ ထိုင်းပြည်သူများအနေဖြင့် ငလျင်လှုပ်မှန်းပင် မသိရှိရကြောင်း၊ မိုးလေဝသဌာနက အခြေအနေကို စောင့်ကြည့်လေ့လာနေကြောင်း ဆူပါလပ်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မနီလာမြို့တွင် ဗုံးဖောက်ခွဲမည့် အစီအစဉ် ကြိုတင်သတင်းရရှိ၍ ပျက်ပြယ်

မနီလာ မေ ၁၈

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာရှိ ကုန်ပဒေသာတိုက်နှင့် ပြည်သူ့ပန်းခြံတို့တွင် စစ်သွေးကြွရှစ်ဦးက ဗုံးဖောက်ခွဲရန် စီစဉ်ထားကြောင်း၊ သို့ရာတွင် ယင်းအစီအစဉ်သည် ပျက်ပြယ်သွားကြောင်း ရဲတပ်မှဗိုလ်ချုပ်က မေ ၁၇ ရက်တွင် ပြောကြားသည်။

ပြောကြား

အဘူဆာယက်ဖ် အဖွဲ့ဝင်များသည် မနီလာမြို့ ဘဏ္ဍာရေးလုပ်ငန်းတစ်ဝိုက်ရှိ ကုန်ပဒေသာတိုက်နှင့် ရီဇယ်လ်ပန်းခြံတို့တွင် ဗုံးများထောင်ရန် စီစဉ်ထားသည့်ကိစ္စကို ဖိလစ်ပိုင်တပ်ဖွဲ့က ကြိုတင်သတင်းရရှိခဲ့သဖြင့် ၎င်းတို့၏အစီအစဉ် ပျက်ပြားသွားခဲ့ရကြောင်း ဗိုလ်ချုပ်ကြီး မန်ဂျာမန်ဒိုလိုဖီနိုက ပြောကြားသည်။

စေလွှတ်ခဲ့

အဘူဆာယက်ဖ် စစ်သွေးကြွများက ကုန်ပဒေသာတိုက်များ၊ ပြည်သူ့ပန်းခြံများနှင့် ကြိုပို့ယာဉ်များ၊ ရထားများ၊ ကူးတို့ရေယာဉ်တို့ အပါအဝင် ပို့ဆောင်ရေးလုပ်ငန်းတို့တွင် ဗုံးဖောက်ခွဲရန်အတွက် အကြမ်း ဖက်သမားရှစ်ဦးကို မနီလာမြို့သို့ စေလွှတ်ခဲ့ကြောင်း ဒိုလိုဖီနိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယအနောက်ပိုင်း ရေလုပ်သားများ ဝေလငါးမန်းများကိုဖမ်းဆီး

အမီတာဘတ်(အိန္ဒိယ) မေ ၁၈

အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းခြေရှိ တံငါသည်များကို လွန်ခဲ့သော သုံးနှစ်က လောင်စာဆီများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ကတိပေးခဲ့သော်လည်း မရရှိသဖြင့်ဝင်ငွေရရှိရန် ဝေလငါးမန်းမျိုးများကို ဖမ်းဆီးသတ်ဖြတ်ရမည်ဖြစ်ကြောင်း ဒေသခံ ရေလုပ်သားများက အာဏာပိုင်များကို ပြောကြားခဲ့ကြသည်။

အိန္ဒိယနိုင်ငံအနောက်ဘက်ဂူဂျာရတ်ပြည်နယ်ကမ်းခြေဒေသ၊ အာရေဗျပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် တံငါလုပ်ငန်းနှင့် အသက်မွေးသူ ၁၅၀၀၀ မျှရှိသည်။ ၎င်းတို့၏ စက်တပ်ငါးဖမ်းလှေများအတွက် လောင်စာဆီလိုအပ်လျက်ရှိသည်။ ထိုလောင်စာရရှိရေးနှင့် ဘဝရပ်တည်ရေးအတွက် ၎င်းတို့သည် ဝေလငါးမန်းငါးမျိုးများကို မလွှဲမရှောင်သာ သတ်ဖြတ်နေရသည်။

ရေလုပ်သားများသည် ၁၉၉၀ပြည့်နှစ်နှင့်၂၀၀၁ခုနှစ်များအတွင်း အဆိုပါ ဝေလငမန်း အကောင်ရေ ၁၀၀၀ ခန့်ကို သတ်ဖြတ်ခဲ့ကြကြောင်း သိရသည်။ ဝေလငမန်းများ၏ ငါးကြီးဆီ၊ ဆူးတောင်နှင့်အသားများသည် ကမ္ဘာ့ဈေးကွက်၌ ဈေးကောင်းရသော ပစ္စည်းများဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့ဆန်ဂျာပွဲတော်တွင် ပါဝင်ဆင်နွှဲနေသည့် ရိုးရာဝတ်စုံဝတ် လှပျိုဖြူများကို မေ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘရာဇီး၏ စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းရန် နျူကလီးယားဓာတ်ပေါင်းဖို ရှစ်လုံးလိုအပ်

ရီယိုဒီဂျနေရိုး မေ ၁၈

ဘရာဇီးနိုင်ငံ၏စွမ်းအင်လိုအပ်ချက်သည် တိုးတက်လျက်ရှိသည့်အတွက် ၂၀၃၀ ပြည့်နှစ်အထိ နိုင်ငံအတွင်း၌ နျူကလီးယား ဓာတ်အားပေးစက်ရုံ လေးလုံးမှ ရှစ်လုံးအထိ တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက မေ ၁၆ရက်တွင် ပြောကြားသည်။

လောလောဆယ်တွင် ဘရာဇီးနိုင်ငံ၌ နျူကလီးယား ဓာတ်အားပေးစက်ရုံ နှစ်ရုံလည်ပတ်လျက်ရှိသည်။ စက်ရုံတစ်ရုံမှာ အင်ဂါရာ(၁)ဟု အမည်ရပြီး ဓာတ်အား ၆၅၇ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ကာ အခြားစက်ရုံမှာ ဓာတ်အား မဂ္ဂါဝပ် ၁၃၅၀ထုတ်လုပ်ပေးနိုင်သည့် အင်ဂါရာ(၂) ဖြစ်သည်။

ပြောကြား

နိုင်ငံ၏စွမ်းအင်ဆိုင်ရာ ဖြည့်ဆည်းတည်ဆောက်ရေးစီမံကိန်းအရ အသစ်တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံများ၏ စုစုပေါင်း ထုတ်လုပ်မှုစွမ်းအားသည် မဂ္ဂါဝပ် ၁၀၀၀ ရှိမည်ဖြစ်သည်ဟု စီမံကိန်းနှင့် ဖွံ့ဖြိုးရေးဌာနမှ မောရီစီရိုဇာမာမင်က ပြောကြားသည်။

နျူကလီးယားစက်ရုံမှ ထုတ်လုပ်သော ဓာတ်အား တစ်မဂ္ဂါဝပ်၏ ထုတ်လုပ်စရိတ်သည် ၇၅ဒေါ်လာရှိပြီး သဘာဝဓာတ်ငွေ့ လောင်စာသုံး ၁၀၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတစ်ရုံ၏ လျှပ်စစ်ဓာတ်အား တစ်မဂ္ဂါဝပ် ထုတ်လုပ်သည့်စရိတ်သည် ၈၅ဒေါ်လာ ရှိကြောင်း ဇာမာမင်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူနိုင်ငံဂျူရောင်းကျွန်းတွင် တည်ဆောက်ထားသော ရေနံချက်စက်ရုံများကို မေ ၁၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း ပျော်ဘွယ်မြို့ဝင်းသူဇာအရောင်းဆိုင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ပျော်ဘွယ်ချည်မျှင်စက်ရုံစီမံကိန်းတည်ဆောက်မည့်လုပ်ငန်းခွင် ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် မေ ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်လိုက်ပါ၍ ယမန်နေ့မွန်းလွဲ ၁၂နာရီခွဲတွင် မန္တလေးတိုင်း ရမည်းသင်းမြို့ရှိ ဝင်းသူဇာ အရောင်းဆိုင်သို့ရောက်ရှိပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းဌာနအသီးသီးမှ ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက ဝင်းသူဇာ အရောင်းဆိုင်များ၏ ချမှတ်ထားသော မူအတိုင်း လိုက်နာဆောင်ရွက်ကြရေး၊ အရောင်းဝန်ထမ်းများ ဖော်ရွေစွာပြုမူဆက်ဆံရေး၊ ရောင်းကုန်ပစ္စည်းများ အချိန်မီဖြည့်တင်းရေးလုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝင်းသူဇာအရောင်းဆိုင်(ပျော်ဘွယ်)သို့ရောက်ရှိ၍ အရောင်းဆိုင်အတွင်း ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက အရောင်းဆိုင်တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဆိုင်အတွင်း ပစ္စည်းများ ပြတ်လပ်မှု မရှိစေရန်၊ ကျေးရွာများအထိ သွားရောက်ရောင်းချကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ် ချည်မျှင်စက်ရုံစီမံကိန်း စက်ရုံတည်ဆောက်မည့်လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က မြို့ပြဆိုင်ရာအဆောက်အအုံတည်ဆောက်မှုနှင့် မြေပြုပြင်မှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ရုံ တည်ဆောက်မည့်မြေနေရာနှင့် ဆက်စပ်အဆောက်အအုံတည်ဆောက်မှု၊ ဝါစိုက်ပျိုးမည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းစက်ရုံယာယီရှင်းလင်းဆောင်သို့ရောက်ရှိပြီး ပင်မစက်ရုံအဆောက်အအုံ တည်ဆောက်မှု၊ စက်ရုံအဝင်လမ်းဖောက်လုပ်မှု၊ ရေရရှိနိုင်မှု၊ လျှပ်စစ်သွယ်တန်းမှုတို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက အရိပ်ရပင်နှင့် လေကာပင်များ ယခုကတည်းက စတင်စိုက်ပျိုးရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း မြစ်သားမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သား ချည်မျှင်စက်ရုံ(စီမံကိန်း) လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက မြို့ပြဆိုင်ရာ အဆောက်အအုံနှင့် ကုန်ကြမ်း/ကုန်ချော ဂိုဒေါင်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပင်မစက်ရုံတည်ဆောက်မည့်နေရာနှင့် အဆောက်အအုံဘေးနံရံများ တည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်မှာကြား

ရန်ကုန် မေ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့်အတူ မေ ၁၄ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပသော ကယားပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ယင်းသို့ပြောကြားရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ဖွဲ့စည်းပေးသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထူးအဖွဲ့(၅)တွင် တာဝန်ခံအဖြစ် ဆောင်ရွက်ရပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို တာဝန်ယူဆောင်ရွက်ရကြောင်း၊ ရှမ်းပြည်နယ်တွင် နှစ်ကြိမ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တစ်ကြိမ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် တစ်ကြိမ် သွားရောက်ပြီး ပြည်နယ်အဆင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံပြီး ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ကြောင်း၊ လုပ်ငန်း အစီရင်ခံစာများကိုလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီသို့ စဉ်ဆက်မပြတ် တင်ပြခဲ့ကြောင်း။

ကယားပြည်နယ်အနေနှင့် ယခုခရီးစဉ်သည် ပထမဆုံးအကြိမ်ဖြစ်ပြီး ကော်မတီဝင်များ စုံစုံညီညီနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားသွားသည်။

ဆက်လက်၍ အထူးလုပ်ငန်းအဖွဲ့(၅)၏ အတွင်းရေးမှူး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငွေဆင့်က အထူးလုပ်ငန်းအဖွဲ့(၅)၏ လေးလပတ်တိုင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးတွင် ၅၂ ရာခိုင်နှုန်းခန့် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ခန့်ကတည်းက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ မပျက်စီးဘဲ ယနေ့တိုင်တည်ရှိဆဲဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြည်နယ်သစ်တောဦးစီးဌာနမှူး ဦးထွန်းအောင်ကျော်က ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများမှ အဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့မှ ၎င်းတို့ဌာနနှင့် သက်ဆိုင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်နယ်အဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် အထူးလုပ်ငန်းအဖွဲ့(၅) တာဝန်ခံ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဆွေးနွေးတင်ပြကြသည့်အတွက် ဝမ်းမြောက်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကလည်း လုပ်ငန်းအဖွဲ့တာဝန်ခံများ အကြောင်းကြောင်းကြောင့် ကွင်းဆင်းခြင်းမပြုနိုင်ပါက အဖွဲ့ဝင်များအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရန် မှာကြားထားကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရနိုင်ကြောင်း၊ ယခုကဲ့သို့ ဌာနတိုင်းပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည့်လုပ်ငန်းဖြစ်၍ နောင်လေးလပတ်တွင်လည်း ယခုလို တက်တက်ကြွကြွပူးပေါင်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သစ်တောဦးစီးဌာနမှ ပြုစုပျိုးထောင် ထားရှိသော ကန္ဒရဝတီပျိုးဥယျာဉ်၊ နွားလပိုးဆည်အတွင်း စီးဝင်သော နွားလပိုးချောင်း ပတ်ဝန်းကျင် ရေဝေရေလဲဒေသနှင့် ကုန်းသာကျေးရွာ ကြိုးပြင်ကာကွယ်တောအတွင်း ရေဝေရေလဲ ဧရိယာ ထိန်းသိမ်းရန် ရည်ရွယ်စိုက်ပျိုးထားသော ခံ့စည်းရိုးကြက်ဆူပင် ဧက ၁၀၀နှင့် ကျွန်းစိုက်ခင်းငါးဧကတို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းအရှင်ဩသဓ၏အိန္ဒိယတရားပွဲ

ရန်ကုန် မေ ၁၉

ကရင်ပြည်နယ် အိန္ဒိယကျေးရွာ ရတနာမာန်အောင်ကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ အလုပ်ပေးခုနစ်ရက်တရားစခန်းပွဲကို နယုန်လဆန်း ၉ရက်မှ လပြည့်နေ့ (မေ ၂၄ရက်မှ ၃၀ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးမှ နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်ဩသဓ(ခရမ်း) (သာသနတက္ကသိုလ ဓမ္မာစရိယ B.A) (ရွှေဘုန်းမြင့်ကျောင်း ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ဗဟန်း၊ ရန်ကုန်) အရှင်မြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသူယောဂီများ စာရင်းပေးသွင်းနိုင်ကြသည်။ (က-ပ)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းရုံးချုပ် အဆောက်အအုံ ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ် အဆောက်အအုံကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း၌ ၂၀၀၆ခုနှစ် ဇွန်လမှစတင်၍ ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၃၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အသင်းရုံးချုပ်အဆောက်အအုံအတွက် စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၂၇ရက်တွင် တာချီလိတ်မြို့နယ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးမောင်အုန်းက ငွေကျပ်သုံးသိန်း၊ အတွင်းရေးမှူး ဦးဝင်းသိန်း၊ ဦးစံစိုင်းငွေနှင့် ဦးသိန်းထွန်းတို့က ငွေကျပ်တစ်သိန်းစီတို့ကို မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းရုံးချုပ်ဥက္ကဋ္ဌ ဦးစံသိန်းထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ အသင်းရုံးချုပ်ဆောက်လုပ်ရန် ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း အခန်း(၁၀၁/၁၀၂)တိုက်(၃) မြိုင်ဟေဝန်အိမ်ရာစခန်း ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ဖုန်း ၀၁-၆၆၇၂၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၁၇တိုက်ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်များက လှူဒါန်းလိုသော စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ တယ်လီဖုန်း ၀၁-၂၅၄၂၇၀သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ (သတင်းစဉ်)

အကဲဖြတ်အမှတ်ပေး

လှိုင်မြို့နယ် အခြေခံပညာ မူလတန်းသင် ဆရာ၊ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဆင်းပွဲကို မေ ၁၈ရက်ကကျင်းပရာ ဆရာ၊ ဆရာမများ၏ ပြိုင်ပွဲဝင်သင်ထောက်ကူပြခန်းများအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီနှင့်အထက်တန်းကျောင်းအုပ်ဆရာမကြီးများက အကဲဖြတ် အမှတ်ပေးကြစဉ်။ (ပညာရေး)

ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှု ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ် ဦးစီးဌာနမှူးရုံးသို့ရောက်ရှိပြီး ဒေသခံပြည်သူများ၏ အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှု၊ အသက် (၁၀)နှစ်မှ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးမှုအတွက် မိတ္တူလျှောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် မြို့နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ မန္တလေးတိုင်း ဦးစီးဌာနမှူး ဦးဘိုရွှေနှင့် ကျောက်ဆည်ခရိုင်ဦးစီးဌာနမှူး ဦးစိုးဦးတို့က မန္တလေးတိုင်းနှင့် ကျောက်ဆည်ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပံ့ပိုး၍ လုပ်ငန်းများ အချိန်အဟုန်ဖြင့် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပြောကြားပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် ဝန်ကြီးသည် တိုင်းဦးစီးဌာနမှူး ဦးဘိုရွှေက စိစစ်ရေးလက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်ဦးစီးဌာနမှူးရုံးမှတ်တမ်းတင်ခန်း အခြေအနေနှင့် ရုံးအဆောက်အအုံ ပတ်ဝန်းကျင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများကို စနစ်တကျ အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့နယ်အတွင်း မေ ၁၈ ရက်တွင် ဒေသခံပြည်သူ ၃၅၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၉)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကျောက်ဆည်မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အစည်းအဝေးနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၈၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဘဏ်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖွင့်လှစ်သင်ကြားပေး

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်က ဆောင်ရွက်လျက်ရှိရာတွင် ငွေရေးကြေးရေး တည်ငြိမ်မှုရှိပြီး ပြည်တွင်းသုံးငွေတန်ဖိုး တည်ငြိမ်ခိုင်မာစေရန် အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးကြပ်ကွပ်ကဲလျက် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးအနေဖြင့် ဘဏ်လုပ်ငန်းများ လုံခြုံမှု ရှိစေရေးသာမက ဘဏ်အဆောက်အအုံ ပရဝဏ်များ လုံခြုံမှုရှိအောင် စနစ်ကျနသည့် အကာအကွယ်အစီအမံများ ပြုလုပ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် အမြတ်အစွန်း ရရှိသည်နှင့်အမျှ မတည်ရင်းနှီးငွေ တိုးပွားလာစေရန်လည်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများကို အရည်အသွေးမြင့်မားလာစေရန် လိုအပ်သော သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက အမှာစကား ပြောကြားရာတွင် ဘဏ်များအနေဖြင့် ငွေသွင်း ငွေထုတ်မှုများ မြန်ဆန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ငွေသားဖြင့် ထုတ်ပေးရမှုများကိုလည်း ပြန်လည်သုံးသပ်၍ ချက်လက်မှတ်အသုံးပြု ပေးချေသည့်စနစ်ကို ကျယ်ပြန့်လာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း၊ ဘဏ်များအသင်းမှ ဖွင့်လှစ်သော သင်တန်းများကိုလည်း အနာဂတ်တွင် ပိုမိုအဆင့်မြင့်သော သင်တန်းများဖြစ်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၀၇ ခုနှစ်အတွက် စပိန်နိုင်ငံ မက်ဒရစ်မြို့အခြေစိုက် Business Initiative Directions (BID) မှ ရွေးချယ်ချီးမြှင့်သော Century International Quality Era Award (CQE) Gold Category ဆု ချီးမြှင့်ခံရသည့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်က ၎င်းဆုကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးထံ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီက လွှဲပြောင်းအပ်နှံသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက ဘဏ်လုပ်ငန်းဆိုင်ရာ အထွေထွေ ကိစ္စရပ်များကို ပါဝင်ဆွေးနွေးကြပြီး အစည်းအဝေး ပထမပိုင်းကို ညနေ ၃ နာရီခွဲတွင် ကျင်းပပြီးစီးသည်။

ပါဝင်ဆွေးနွေး

ထို့နောက် ဒုတိယပိုင်းအနေဖြင့် မြန်မာနိုင်ငံဘဏ်များအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၆-၂၀၀၇)ကို ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဘဏ်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံဘဏ်များအသင်း စတင်ဖွဲ့စည်းခဲ့သည်မှာ ယခု ရှစ်နှစ်ကျော်လွန်ပြီးဖြစ်ကြောင်း၊ အသင်းအနေဖြင့် အသင်းပိုင် အဆောက်အအုံကို လုပ်ငန်းအချောသပ် ဆောင်ရွက်နိုင်စေရေး ဝိုင်းဝန်းပါဝင်ကူညီကြရန်၊ အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဦးဆောင်ဦးရွက် ပြုလုပ်ကြရန်၊ ဘဏ်လုပ်ငန်းများဆိုင်ရာ သင်တန်းများကိုလည်း အဆင့်မြှင့်တင်ကြရန် မှာကြားပြီး အစည်းအဝေး တက်ရောက်လာကြသော နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ပါဝင်ဆွေးနွေးကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် မေ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ စက်မှုနယ်မြေ အပိုင်း (၂+၃+၄) အတွင်းရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများသို့ သွယ်တန်းထားသည့် ၁၅ နေရာ၌ ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ လျှပ်စစ်ကေဘယ်လ်မီးကြိုးများ မေ ၃ ရက်တွင် ပျောက်ဆုံးမှုကို ၇၂ နာရီအတွင်း တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးခဲ့သည့် အင်းစိန်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် စက်မှုနယ်မြေ လုံခြုံရေးဝန်ထမ်းများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပရာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌေးနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန်တို့က ဂုဏ်ပြုစကား ပြောကြားကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ဦးဟံဝင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးအောင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်အောင်နှင့် အဖွဲ့ဝင် ဦးစိုးသန်းတို့က အင်းစိန်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်အောင်မြင့်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများအား တစ်ဦးချင်း ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယရဲအုပ် အောင်မြင့်သိန်းက ရွှေပြည်သာစက်မှုနယ်မြေ အပိုင်း (၂+၃+၄)အတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် ရပ်ထားသည့် မော်တော်ယာဉ်များမှ စက်သုံးဆီများ ခိုးယူသည့်အဖွဲ့နှင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများသို့ သွယ်တန်းထားသည့် တစ်ပေလျှင် ငွေကျပ်ငါးသောင်းတန် လျှပ်စစ်ကေဘယ်လ်ကြိုးများ ခိုးယူသည့်အဖွဲ့တို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ တရားခံများ ဖမ်းဆီးရမိမှုကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်ကူညီသူများအား ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန် ရွှေပြည်သာစက်မှုနယ်မြေ အပိုင်း (၂+၃+၄) အတွင်း မှုခင်းများ စွမ်းစွမ်းတမံ ဖော်ထုတ်ပေးသည့် အင်းစိန်ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်စဉ်။

(၆၁)

✻ ရှေ့ဖုံးမှ

ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ရှမ်း၊ ကချင်၊ လားဟူ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ သိန်းနီတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် အိမ်ထောင်စုဝင် မိသားစုများ၊ ရှမ်းရိုးရာအိုးစည်နှင့် အကအဖွဲ့ဝင်များ၊ သိန်းနီမြို့နယ် စံလောင်းနှင့်နမ့်အွန်ကျေးရွာတို့မှ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးက သိန်းနီတပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသာရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က လျာထားသတ်မှတ်ပေးထားသည့်အတိုင်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းစိုက်ပျိုးရန်နှင့် ဒေသတွင်းရှိ အသေးစား စက်ယာဉ်ယန္တရားများတွင် အသုံးပြုနိုင်ရန်အတွက် ယခုကဲ့သို့ ခြံစည်းရိုးကြက်ဆူကို အစီအမံများ ချမှတ်စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ ဒေသခံ တိုင်းရင်းသားပြည်သူများ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးခြင်းမှ အခြားသီးနှံများစိုက်ပျိုးသကဲ့သို့ ဝင်ငွေရရှိနိုင်ကြောင်းကို စိုက်ပျိုးနည်းစနစ်များ ဖြန့်ဖြူးပေးဝေ၍ နည်းလမ်းပြ စိုက်ပျိုးပြသကာ ပညာပေး စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များကိုလည်း အောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပြီးလျှင်ပြီးရောမနေဘဲ မြေဩဇာကျွေးမွေးရေး၊ ပေါင်းသင်ရေး အစရှိသည့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူ တစ်ဧကလျှင် ဇီဝဒီဇယ်လောင်စာဆီ ဂါလန် ၇၀ ထွက်ရှိရာမှ ဂါလန် ၁၀၀ ထွက်ရှိနိုင်အောင် ကြိုးပမ်းကြရန်နှင့် စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များမှ အသီးသီးမှုနှင့် သတ်မှတ်ဆီထွက်နှုန်းရရှိစေရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နှစ်သီးမှသုံးသီးစိုက်ပျိုး

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယခုအခါ ဒေသဝမ်းစာဖူလုံမှု ၁၂၂ ဒသမ ၃၈ ရာခိုင်နှုန်းရှိနေရာ ပြည်နယ်အတွင်း နောက်တိုးတက်လာမည့် လူဦးရေအချိုးအစားကို တွက်ချက်၍ နှစ်သီးမှသုံးသီး စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ စားသုံးဆီဖူလုံရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တပ်နယ်မိသားစုများနှင့် လူမှုရေးအသင်းအဖွဲ့များအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သိန်းနီမြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူမျိုးစေ့များနှင့် ပျိုးကိုင်းများကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ပျိုးထောင်စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်တို့သည် ခြံစည်းရိုး ကြက်ဆူပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သိန်းနီတပ်နယ်၏ ဧက ၃၀၀ ခြံစည်းရိုးကြက်ဆူ ပျိုးခြံအတွင်း ကြက်ဆူပင်ကို စိုက်ပျိုးပေးကာ မြေဩဇာများ ထည့်သွင်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် ဧက ၃၀၀ ခြံစည်းရိုးကြက်ဆူ ပျိုးခြံအတွင်း ၃၃၅ ဧက စိုက်ပျိုးနိုင်မည့် နှစ်လသားအရွယ် ခြံစည်းရိုးကြက်ဆူပျိုးပင် ၄၀၂၀၀၀ ပျိုးထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သိန်းနီတပ်နယ်အနေဖြင့် ခြံစည်းရိုးကြက်ဆူ ၂၃၇၇ ဒသမ ၂ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၇၃၄ ဒသမ ၈ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ၇၅၅ဧကအတွက် မျိုးစေ့နှင့်ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိလျက်ရှိသည်။ ကျန် ၈၈၇ ဒသမ ၄ ဧကအတွက် ၂၀၀၇ခုနှစ် မေလအကုန်၌ မျိုးများစုဆောင်းသွားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် ဇွန်လတွင် သတ်မှတ်ဧက ရရှိရေးအတွက် စီမံချက်ချမှတ် စိုက်ပျိုးသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီ–ကွမ်းလုံ ကားလမ်းအတိုင်း လမ်းဘေးတံတားများ အခြေအနေနှင့် နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ သိန်းနီမြို့နယ် မြို့မရပ်ကွက်ရှိ သိန်းနီမြို့နယ်၏ နွေစပါးတစ်ဧက တင်း ၂၅၀ စံပြကွက်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စံပြကွက်အတွင်း ဒေသခံ တိုင်းရင်းသားတောင်သူ ဦးဘဝင်း၏ မြေ ၁ ဒသမ ၅၂ ဧက၌ DU-527 စပါးမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်စိုးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နွေစပါး စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စိုက်ပျိုးရေးသွင်းအားစုများ၏ ကုန်ကျစရိတ်နှင့် ထွက်ရှိလာမည့် စပါးတင်းအရေအတွက်၊ ရရှိမည့် ဈေးနှုန်းများကို စနစ်တကျ မှတ်တမ်းများထားရှိရေးနှင့် အထွက်ကောင်းမျိုးများကို သုတေသန ပြုစုထားရှိကြရေးမှာကြားသည်။

နွေစပါး ဧက ၅၀ စိုက်ခင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် အထူးအထွက်တိုး နွေစပါးဧက ၅၀ စိုက်ခင်းသို့ သွားရောက်ကြပြီး နွေစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

သိန်းနီမြို့နယ်၌ ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါး စိုက်ပျိုးရေးရာသီ၌ ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်နှင့် သဘာဝစီးဝင်ရေတို့ကို အသုံးပြု၍ ဆင်းရွှေလီ(F1)၊ ဆင်းရွှေလီ(R)၊ ဆင်းရွှေလီ(မွှေး)နှင့် DU-527 မျိုးစပါး စုစုပေါင်းဧက ၅၄၂၀ ကို မြို့နယ်အတွင်း အောင်မြင်စွာ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီ–လားရှိုး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ သိန်းနီမြို့နယ် ဝိန်းလျှံကျေးရွာသို့ ရောက်ရှိကြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အစီအမံဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျေးလက်ဒေသနေ ဒေသခံတိုင်းရင်းသားများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် တည်ဆောက်ပေးခဲ့သည့် ဂါလန် ၁၆၀၀ ဆံ့ရေကန်နှင့် ရေပေးဝေနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ဂါလန် ၁၆၀၀ ဆံ့နှင့် ဂါလန် ၁၂၀၀ ဆံ့ ရေကန်များကို သိန်းနီမြို့နယ်အတွင်းရှိ ပန်လော့၊ ဝိန်းလန်၊ နားအုံ၊ မန်ချက်၊ ခုတ်နမ့်၊ စယ်အူ၊ ဟိုမိန်းနှင့် ကောင်းဆာကျေးရွာတို့၌လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သန့်ရှင်းသော သောက်သုံးရေများ ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီ–ကွမ်းလုံ ကားလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေ၊ ရာသီသီးနှံနှင့် နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ကွမ်းလုံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ညနေ ၃ နာရီတွင် ကွမ်းလုံမြို့ သံလွင်ရိပ်သာ၌ ကွမ်းလုံနှင့် လောက်ကိုင်တပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဏာမ တိုင်းတာရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်နေကြသော အင်ဂျင်နီယာ ပညာရှင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကွမ်းလုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်မြင့်က ကွမ်းလုံအထက်ပိုင်း သံလွင်မြစ်ကမ်းနံဘေး ဟိုလီကျေးရွာအနီးရှိ သံလွင်မြစ်ကျဉ်းနေရာ၌ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန် မြေနေရာ ရွေးချယ်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း၏ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည့်ပုံစံ အခြေအနေများနှင့် စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၄၀၀ ကျော် ထွက်ရှိမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အကြီးအင်ဂျင်နီယာ လုပ်ငန်းများနှင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးနိုင်မှုမှာ ငွေအား၊ လူအား အသုံးပြုနိုင်မှုအပေါ်၌မူတည်ပြီး နှစ်နိုင်ငံအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိသော လုပ်ငန်းဖြစ်၍ အမြန်ဆုံး တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးအတွက် ပဏာမကွင်းဆင်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အင်ဂျင်နီယာ မစ္စတာဝမ်ကျုံးရှမ်ခေါင်းဆောင်သော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကွမ်းလုံမြို့ သံလွင်ရိပ်သာ၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်း–ကျောဖုံး)(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် အခွန်လွတ်ဈေးများ စစ်ဆေး ဈေးနှုန်းသက်သာရေးနှင့် အလေးချိန်ခွင်မှန်ကန်ရေး မှာကြား

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ ဒဂုံမြောက်၊ ဒဂုံတောင်နှင့် ကမာရွတ်မြို့နယ်၊ ဟံသာဝတီ အခွန်လွတ်ဈေးများသို့ သွားရောက်၍ တည်ခင်းရောင်းချနေမှုနှင့် ဝယ်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် ဒဂုံမြောက် ရာဇာဓိရာဇ်လမ်းရှိ အခွန်လွတ်ဈေး၊ ဒဂုံတောင် အခွန်လွတ်ဈေးနှင့် ကမာရွတ်မြို့နယ် ဟံသာဝတီ အခွန်လွတ်ဈေးများအတွင်း တည်ခင်းရောင်းချနေသော မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း ဆန်အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း စားအုန်းဆီ အရောင်းဆိုင်၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၊ ကုန်ခြောက်အရောင်းဆိုင်၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန် ဟင်းသီးဟင်းရွက်အရောင်းဆိုင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အဏ္ဏဝါရေလုပ်ငန်းဦးပိုင်လီမိတက် ငါးအရောင်းဆိုင်၊ ရွာသာကြီး ငါး၊ ပုစွန် အရောင်းဆိုင်၊ ကြည့်မြင်တိုင် စံပြငါးဈေး ရေချိုငါးမျိုးစုံ အရောင်းဆိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ဟင်းသီးဟင်းရွက်အရောင်းဆိုင်၊ စွမ်းအင်ဝန်ကြီးဌာန အရောင်းဆိုင်များတွင် ဈေးနှုန်းချိုသာပြီး သန့်ရှင်းလတ်ဆတ်သော ကုန်ခြောက်ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ သစ်သီးဝလံပန်းမန်များ၊ ရေချိုရေငန် ငါးမျိုးစုံတို့ကို ဝယ်ယူကြသူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ တာဝန်ရှိသူများအား ဈေးနှုန်းသက်သာစေရေး၊ အလေးချိန်ခွင် မှန်ကန်စေရေး ရောင်းချမှုကုန်ပစ္စည်းများ၊ သန့်ရှင်းလတ်ဆတ်စေရေး၊ ပြည်သူများ၊ စိတ်ချမ်းသာစေရေး၊ ဈေးအတွင်းအပြင် အစဉ်အမြဲသန့်ရှင်းသာယာလှပရေးနှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အနာဂတ်တွင်တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ အထိ စားသုံးမှုဖူလုံရေး စပါးတင်း သန်း ၁၅၀၀ ကျော်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် ပြည့်မီကျော်လွန်သွားမည် ဆန်စပါးဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးအတွက် အတ္တ၊ ပရ ညီညွတ်မျှတစွာရောင်းဝယ်ဖောက်ကားရန်လို

ရန်ကုန် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ၂၀၀၅-၂၀၀၇ ခုနှစ် ဒသမအကြိမ် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အဆိုပါ အသင်းသားစုံညီ အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်တစ်ရပ်ကိုပါ ချမှတ်ဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် သီးနှံစိုက်ပျိုးမှုဖြစ်ထွန်းနိုင်သော ရေသယံဇာတ၊ မြေသယံဇာတတို့ ပြည့်စုံကြွယ်ဝပြီး မျှတသောရာသီဥတုရှိသည့် ထူးခြားသော နိုင်ငံဖြစ်ကြောင်း။

နိုင်ငံတော်၏အဓိကသီးနှံဖြစ်သည့် ဆန်စပါးကို တစ်ချိန်က ပြည်တွင်းဖူလုံရုံမျှသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း အကြောင်းကြောင်းများကြောင့် ဆန်စပါးအတွက် နှုန်း ကျဆင်းခဲ့ရကြောင်း၊ ယခုနိုင်ငံတော်အစိုးရ လက်ထက်တွင် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ဆန်စပါးပိုလျှံသည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်း၌ ဆည်မြောင်းတာတမံ ၁၉၉၉ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၀၅ခုတို့ကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးခဲ့၍ ယခုအခါလယ်မြေ ဧက ၂ ဒသမ ၆သန်းကျော်ကို စိုက်ပျိုးရေပေးဝေ အကျိုးပြုနိုင်ပြီဖြစ်ကြောင်း။

၁၉၈၈-၁၉၈၉ခုနှစ်တွင် စပါးစိုက်ဧက ၁၁ ဒသမ ၈သန်းရှိပြီး စပါးအထွက်တင်း သန်း ၆၃၀ခန့်ရှိခဲ့ရာမှ ၁၉၉၃-၁၉၉၄ခုနှစ်တွင် စပါးတင်း သန်း ၈၀၀ကျော် ထွက်ရှိအောင်ထုတ်လုပ်နိုင်ခဲ့ကြောင်း။

၂၀၀၀-၂၀၀၁ခုနှစ်တွင် စပါးတင်း သန်း ၁၀၀၀ ကျော် ဆက်လက်ထုတ်လုပ်နိုင်ခဲ့ပြီး စပါးတင်း သန်း ၁၂၀၀ ကျော်ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စပါးတင်း ၁၃၂၆ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အနာဂတ်တွင် တိုးပွားလာမည့် သားစဉ်မြေးဆက်များနှင့် တိုးပွားလာမည့် လူဦးရေ သန်း၁၀၀ အထိစားသုံးမှု ဖူလုံစေရေးအတွက် နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရည်မှန်းပြီး စပါးတင်း သန်း ၁၅၀၀ ကျော်ထွက်ရှိရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း ပြည့်မီကျော်လွန်သွားမည် ဖြစ်ကြောင်း။

ကုန်သွယ်မှု အပိုင်းတွင်လည်း ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ လိုက်လျောညီထွေစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၀၃ ခုနှစ် ဧပြီ ၂၃ရက်တွင် မြန်မာ့ဆန်စပါး ရောင်းဝယ်ရေးမူဝါဒသစ်ကို ပြဋ္ဌာန်းကာလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားပြီးဖြစ်ကြောင်း။

သို့သော် ဝိသမလောဘဖြင့် ရောင်းဝယ်ဖောက်ကားသူအချို့ ရှိနေသဖြင့် ဆန်စပါးဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေးအတွက် အတ္တ၊ ပရ မျှတ ညီညွတ်စွာ ရောင်းဝယ်ဖောက်ကားကြရန် လိုကြောင်း။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းအနေဖြင့်နိုင်ငံတော်အကျိုး၊ စားသုံးသူပြည်သူများအကျိုး၊ ထုတ်လုပ်သူ တောင်သူလယ်သမားအကျိုးတို့အတွက် အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအသွင်ဖြင့် ပိုမိုကျစ်လျစ်ခိုင်မာပြီး ပိုမိုစွမ်းဆောင်နိုင်သည့် အသင်းကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်စန္ဒာမြင့်က မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို တင်သွင်းပြီး အစည်းအဝေးသို့ တက်ရောက်လာသူများထံမှ အတည်ပြုချက်ကိုရယူကာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ၂၀၀၇-၂၀၀၉ ခုနှစ်အတွက် နာယကအဖွဲ့၊ ဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် အထွေထွေအတွင်းရေးမှူး ဦးမျိုးအောင်ကျော်တို့ ပါဝင်သည့်ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ၂၀၀၅-၂၀၀၇ခုနှစ် ဒသမအကြိမ် အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့ ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေး အဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာဒေါ်လေးခိုင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အခြေခံပညာ မူလတန်းကျောင်းများအတွက် ယင်လုံအိမ်သာသုံးလုံးနှင့် Bleaching Powder များကို ကျောင်းအုပ်ဆရာမကြီးများကို လည်းကောင်း၊ ကော့မှူးမြို့နယ်အတွက် အိမ်သာခွက်များကို ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်အားလည်းကောင်း ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့် အဖွဲ့သည် မူလတန်းကျောင်းများသို့ လှူဒါန်းသည့် ယင်လုံအိမ်သာများကိုလှည့်လည်ကြည့်ရှုပြီးသက်ကြီးရွယ်အို ဘိုးဘွားများအား ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေကော့မှူးမြို့နယ် သက်ကြီးရွယ်အို ဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
- ၈:၃၀ ၈။ အရေးပြိုင်ပွဲ
- ၈:၃၅ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook.
- ၁၂:၀၀ ၅။ **မြန်မာရုပ်ရှင် "မုန်းစကားမဆိုနဲ့ချစ်သဲ" (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊နွဲ့နွဲ့မူ) (ဒါရိုက်တာ- ကြီးမြင့်)**
- ၁:၅၅ ၆။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု)
- ၂:၁၀ ၇။ တေးဂီတအစီအစဉ်
- ၂:၂၅ ၈။ ကျေးပင်အက်ရေလှောင်တမံ
- ၂:၃၅ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ) (မောင်မောင်မြင့်၊မအေးမြင့် စိန်ဂွက်ထော်၊မောင်မောင်မျိုးသန့်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၂:၃၅ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး
- ၂:၄၅ ၁၁။ International News.
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၅ ၆။ အကပြိုင်ပွဲ
- ၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သီရိဂေဟာ
- ၆:၄၅ ၁၁။ **"ညှော်မယ်ဗျို့" (ခန့်စည်သူ၊ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဝွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၇:၀၀ ၁၂။ "မလွန်လွန်းဘူးလား" (အပိုင်း-၂)
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၂၇)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၁၈)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁၉

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၀၇)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မူးယစ်ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်ခဲ့ပြီး မိမိတို့ မူးယစ်ဗဟိုအဖွဲ့ကိုလည်း ၁၉၇၆ ခုနှစ်ကပင် ဖွဲ့စည်းခဲ့ပြီး ကာလအခြေအနေများအရလည်းကောင်း၊ လုပ်ငန်းအဖွဲ့များ၊ လုပ်ငန်း အကောင်အထည်ဖော်ရာတွင် ထိရောက်စေရေးအတွက်လည်းကောင်း အချိန်အခါ အခြေအနေနှင့်အညီ အစဉ်သုံးသပ်ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း။

ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းအတွက် အဓိကတာဝန်ယူရသည့် လုပ်ငန်းအဖွဲ့နှစ်ဖွဲ့ဖြစ်သော အစားထိုးစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့တို့အနေဖြင့် ဘိန်းစိုက်ပျိုးမှု တားဆီးရေးစီမံချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို အထောက်အကူပြုရန်အတွက် ပန်းတိုင်သစ်စီမံကိန်း၏ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အသစ်ပြန်လည်ဖွဲ့စည်းသည့် ပြည်နယ်နှင့်တိုင်း မူးယစ်အဖွဲ့များ၏ ဥက္ကဋ္ဌများသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းရဲတပ်ဖွဲ့မှူးများဖြစ်သည့်အတွက် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းများ ဖျက်ဆီးရေးကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနတို့က ညွှန်ကြားရန်လိုကြောင်း။

ပန်းတိုင်သစ်စီမံကိန်း စတင်စဉ်ကတည်းက သီးနှံမျိုးစေ့များထုတ်ပေးပြီး ရိတ်သိမ်းချိန်တွင် ပြန်လည်သိမ်းယူသည့်စနစ်ကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ ကွပ်ကဲမှုဖြင့် မြို့နယ်နှင့် ကျေးရွာအဖွဲ့များကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အစားထိုး သီးနှံစိုက်ပျိုးရေးအဖွဲ့အနေဖြင့်လည်း ပေါင်းစပ်ညှိနှိုင်းကွပ်ကဲသွားရန်လိုကြောင်း။

၁၉၉၉ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းကြောင့် ဘိန်းစိုက်ပျိုးမှုတစ်နှစ်ထက်တစ်နှစ် ကျဆင်းလာသည်ကို သုံးသပ်တွေ့ရကြောင်း၊ ၂၀၀၁ ခုနှစ်မှ စတင်ပြီး ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးနှင့် ပူးပေါင်းကာ တရားမဝင် ဘိန်းစိုက်ပျိုးမှုတိုင်းတာရေး လုပ်ငန်းများအရ ၂၀၀၁ခုနှစ်တွင် ဟက်တာ ၁၀၅၀၀၀ စိုက်ပျိုးခဲ့ရာမှ နှစ်စဉ်ကျဆင်းလာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ဟက်တာ ၃၂၇၇၀စိုက်ပျိုးပြီး ၂၀၀၆ခုနှစ်တွင် ဟက်တာ ၂၀၅၀၀ စိုက်ပျိုးခဲ့သဖြင့် စိုက်ပျိုးမှု ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းဖြင့် ကမ္ဘာ့မူးယစ်ဆေးဝါး နှစ်ပတ်လည် အစီရင်ခံစာတွင် အတိအလင်း ထုတ်ပြန်ခဲ့ကြောင်း၊ ဘိန်းထုတ်လုပ်မှု အနေဖြင့်လည်း တိုင်းတာခဲ့သည့် ခြောက်နှစ်တာကာလအတွင်းတွင် ၆၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံမြောက်ပိုင်း ဘိန်းစိုက်ပျိုးမှု ကြီးကြပ်ရေးနှင့် ဂြိုဟ်တုဓာတ်ပုံဖြင့် အကဲဖြတ်တိုင်းတာရေး လုပ်ငန်းကို ယခုနှစ်ဦးပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ရာ၌ တရားဝင်မထုတ်ပြန်နိုင်သေးသော်လည်း ကျဆင်းသည်ဟု သိရကြောင်း။

ဆေးကုသရေးလုပ်ငန်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး အကြောထဲထိုးသွင်းသူများတွင် ဖြစ်ပွားသည့် HIV ကူးစက်မှုအန္တရာယ် လျှော့ချရေး လုပ်ငန်းများကို UNODC နှင့် နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့(NGO)များနှင့် ပူးပေါင်းဆောင်ရွက် နေရာတွင် နည်းပညာပိုင်းနှင့် လက်တွေ့ပိုင်းတွင်ပါ ကျွမ်းကျင်ပြီးဖြစ်သည့်အတွက် နိုင်ငံတကာ လက်ခံကျင့်သုံးသည့် နည်းစနစ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်နှင့် ထပ်မံတိုးချဲ့ဆောင်ရွက်သွားနိုင်ရန်အတွက်သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြန်လည်ထူထောင်ရေး စခန်းများအတွက်လည်း သင်တန်းသားရရှိရေးကိုပါ ပံ့ပိုးစည်းရုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များ အသိပညာပေးရေးလုပ်ငန်းအဖွဲ့အနေဖြင့်လည်း MANAကဲ့သို့ ပြည်တွင်း NGO အဖွဲ့များနှင့် လက်တွဲပြီး မူးယစ်ဆေးဝါး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရင်း ဆရာ၊ ဆရာမများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာ ပြည့်ဝစေရန်အတွက် ပညာပေး သင်တန်းများကို ဆက်လက်ပို့ချရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အစွမ်းကုန်ကြိုးစားနေသော်လည်း မြန်မာနိုင်ငံအပေါ် အမြင်ကြည်လင်မှုမရှိသည့် အနောက်နိုင်ငံအချို့၏ ဩဇာလွှမ်းမိုးမှုအောက်မှ ပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းအချို့တို့က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို အဆိုးမြင်ရှုထောင့်မှနေပြီး မဟုတ်မမှန် စွပ်စွဲပြောဆိုမှုများ ပြုလုပ်နေကြသည့်အတွက် အမှားအမှန် မခွဲခြားနိုင်ဘဲ သံသယဝင်နေကြကြောင်း၊ မိမိတို့၏ အမှန်တကယ် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက် သတင်းမှန်များကို တုံ့ပြန်ရှင်းလင်းရန် လိုအပ်ကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုအခြေခံစာရင်း Base Line Data ကောက်ယူရေးလုပ်ငန်းသည် မူးယစ်ဆေးဝါးပပျောက်ရေးတွင် အဓိကအချက်ဖြစ်ကြောင်း၊ အခြေခံစာရင်း ကောက်ယူရေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် Law Enforcement Sectorကိုအဓိကထားဆောင်ရွက်နေသည့်အတွက် စာရင်းကောက်ယူရေးတွင်ရှေ့ဆောင်ရန်အဆင်မပြေကြောင်း၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့နှင့် MANA တို့ ပူးပေါင်းပြီး အခြေခံ စာရင်းကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်စေလိုကြောင်း။

မူးယစ်ဆေးဝါးအမှုများကို တရားစွဲတင်ပို့ရာတွင်ဥပဒေအကြံတောင်းခြင်း၊ တရားစွဲတင်ခြင်းတို့နှင့် ပတ်သက်၍ ဥပဒေရုံး၊ တရားရုံးအဆင့်ဆင့်တို့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ယခုပြင်ဆင် ဖွဲ့စည်းသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့အစည်းအဆင့်ဆင့်တွင် ဥပဒေဝန်ထမ်းနှင့် တရားရုံးဝန်ထမ်း အသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်လာသည့်အတွက် လုပ်ငန်းများ မြန်ဆန်သွက်လက်လာမည်ဟု မျှော်လင့်ကြောင်း ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဦးဉာဏ်ဝင်းတို့က ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်က ၂၀၀၆ ခုနှစ် ဩဂုတ် ၅ရက်တွင် ကျင်းပခဲ့သည့် မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၆) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မူးယစ်ဗဟို လုပ်ငန်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက မိမိတို့အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက်၌ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မေ ၁၆ ရက်က ကွယ်လွန်သူ ဒေါ်ယဉ်စောဖြူအားရည်စူး၍ ခင်ပွန်း ဦးဝေကျန်အောင်၊ သား ဦးတင်ဝင်း၊ သမီး မခင်ထွေး၊ မြေး အောင်မြင့်လွင် စံပြရပ်ကွက် (၃) လမ်း မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။

(၂၀၆)

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ရန်ကုန်နည်းပညာတက္ကသိုလ် ၂၀၀၃-၂၀၀၄ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ ဆရာတော် အရှင်ခေမာသီရိလင်္ကာရ ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။

(၅၃၅)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ယောက်ျားတစ်ယောက်ရဲ့အချစ်"**
၁:၅၀	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၂၀	၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅	၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။ နိုင်ငံတကာသတင်း
၆:၁၅	၁၀။ မိုးလေဝသသတင်း
၆:၂၀	၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၃။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၂)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ ပဟေဠိနန်းတော်
	၁၈။ ကျန်းမာသုတ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၄၄)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ဘဏ်ဝန်ထမ်းများ အားသွန်ခွန်စိုက် ပေါင်းစည်းကြိုးပမ်းနိုင်သည်နှင့်အမျှ ဘဏ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန် မေ ၁၉

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါဘဏ်ရုံးချုပ် ခန်းမဌ်ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုအရ ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးရေးဘဏ်သည် တည်ငြိမ်ခိုင်မာမှုရှိသည့် ဘဏ်တစ်ခုဖြစ်ပြီး ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းများ တက်ညီလက်ညီ အားသွန်ခွန်စိုက် ပေါင်းစည်းကြိုးပမ်းနိုင်သည်နှင့်အမျှ ဘဏ်လုပ်ငန်းများ အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဘဏ်ဝန်ထမ်းများသည် ရရှိထားသည့် အခြေခံကောင်းများ၊ ရလဒ်ကောင်းများကို အကျိုးရှိရှိ ထိုက်တန်စွာ အသုံးချပြီးမိမိဘဏ်ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး ဟန်ချက်ညီညီတိုးတက်စည်ပင်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိမ်းအောင်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီခံစာကို စာရင်းစစ်အဖွဲ့ဝင် ဒေါ်ခင်သန်းဦးက ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသည့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ကြပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာများအပေါ်အမြတ်ငွေများကို မေ ၂၁ရက်မှ စတင်၍ အဆိုပါဘဏ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနရိန္ဒာဘိဝံသအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းရှိ ဘုရားဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနရိန္ဒာဘိဝံသအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါဘုရားဖြူကျောင်းတိုက်ရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ပရိသတ်တို့က ဘွဲ့ခံဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဘွဲ့ခံဆရာတော်ဘဒ္ဒန္တနရိန္ဒာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို တာဝန်ရှိသူက ဖတ်ကြားပြီး ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ပုက သာသနာရေးဆိုင်ရာများကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ အလင်္ကာဝတ်ရည် အနုပညာရှင်များက ပခုက္ကူဘုန်းမြိုင်ရေးသားပူဇော်အပ်သော ဝံသန္တယ်မှ ဓာတိပြ ရတုပိုဒ်စုံဖြင့်လည်းကောင်း၊ ဝိုင်၊ အမ်၊ ဘီ၊ အေ အရှင်ဝိသုတာဘိဝံသ ရေးသားအပ်သော အိုရင်းကျော်ငြာ ထပ်ကွန့်(၈၀)ပေါ် တေးထပ်ဖြင့်လည်းကောင်း သီကျူးပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပရိသတ်တို့က လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး ဘွဲ့ခံဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသက အနုမောဒနာနှင့် ရေစက်ချတရားတို့ကို ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အက်စကက် နှစ်ပတ်လည်အစည်းအဝေးတက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ကာဇက်စတန်သို့ထွက်ခွာ

နေပြည်တော် မေ ၁၉

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့၌ မေ ၂၁ရက်မှ ၂၃ရက်အထိ ကျင်းပမည့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကက်) နှစ်ပတ်လည် အစည်းအဝေး၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများအတွက်နှိုးဆော်ချက်

၁။ မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများပုံမှန်ဖြစ်ပွားလေ့ ရှိပါသည်-

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သံကောင်၊ တုပ်ကောင်ရောဂါများ

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းများမှာ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ စသည့် သစ်သီးဝလံများ၏ အခွံအစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကိုစားသုံးခြင်း၊

(ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင် ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချိုနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့်အလေ့အကျင့်အား နည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှရှောင်ကြဉ်ပါ။

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာ ဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ။

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ။

(စ) ရေကို ကျိုချက်၍ သောက်ပါ။

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။

(ဇ) ရာသီဥတုအပူအအေး အပြောင်းအလဲကို သတိရှိပါ။

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက် ပြသစစ်ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

✻ အက်ဖ်အေဖလားမှ

ဝင်ဘလေ အားကစားရုံဟောင်းကို ၂၀၀၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးနောက် အသစ်ပြန်လည် တည်ဆောက်ခဲ့သည်။ အားကစားရုံသစ်ကို တရားဝင် ဖွင့်လှစ်ကြောင်း ဗြိတိန်မင်းသား ဝီလျံက အက်ဖ်အေဖလား ဗိုလ်လုပွဲ မစတင်မီ ကြေညာခဲ့သည်။

ယနေ့ကျင်းပသည့် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲကို ကမ္ဘာတစ်ဝန်းရှိ ဘောလုံးဝါသနာအိုး သန်း ၅၀၀ ခန့်က ရုပ်မြင်သံကြားမှ စောင့်စားကြည့်ရှုခဲ့ကြသည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲမှ ထိပ်တန်းအသင်း နှစ်သင်း၏ ယှဉ်ပြိုင်မှုဖြစ်သည့် အားလျော်စွာ ချယ်လ်ဆီးအသင်းရော၊ မန်ချက်စတာ ယူနိုက်တက်အသင်းပါ အောင်ပွဲခံ အနိုင်ရရှိရေးအတွက် အားခဲထားကြသည်။

ယနေ့ပွဲတွင် ပုံမှန်ပွဲကစားချိန်မိနစ် ၉၀အတွင်း မည်သည့်အသင်းကမျှ ဂိုးသွင်းနိုင်ခြင်းမရှိသဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ကြရသည်။

အချိန်ပိုနှောင်းပိုင်းအထိ အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲချိန် ၁၁၆မိနစ်တွင် အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမည့်ဂိုးကို ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဒစ်ဒီယာဒရော့ဘာက သွင်းပေးခဲ့သည်။

ဒရော့ဘာသည် ဖရန့်လမ်းပတ်နှင့် တစ်ချက်ထိ ဘောလုံးအပေးအယူပြုလုပ်ခဲ့ပြီးနောက် လှလှပပ ဂိုးသွင်းလိုက်ရာ မန်ချက်စတာယူနိုက်တက် ဂိုးသမား အက်ဒွင်ဗန်ဒါဆာ ကာကွယ်နိုင်ခြင်းမရှိဘဲ ဂိုးပေးလိုက်ရသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းမှ တောင်ပံ ဘောလုံးသမား ရိုင်ယန်ဂစ်သည် ပုံမှန် ပွဲကစားချိန်အတွင်း ဂိုးသွင်းရန် အခွင့်အလမ်းကောင်းရရှိခဲ့သော်လည်း ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခြင်းမရှိ၍ ဂိုးမရခဲ့ပေ။

ဒရော့ဘာသည် လက်ရှိ ဘောလုံးရာသီတွင် ၎င်း၏ ၃၃ဂိုးမြောက် ဂိုးကိုသွင်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်

ချယ်လ်ဆီးအသင်းမှ ဒရော့ဘာက ၎င်း၏အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၁၆မိနစ်တွင် မန်ယူဂိုးသမား ဗန်ဒါဆာကိုကျော်၍ သွင်းယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပ သူရရဲအောင်၏တံတောင်ချက်ကြောင့် တာတိုးဝါးနဖူးကွဲပြီးရှုံး

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ များကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံဝင်းအတွင်းရှိ မိုးလုံ လေလုံအားကစားပြိုင်ပွဲရုံသစ်ကြီး၌ ပထမနေ့အဖြစ်ကျင်းပခဲ့ရာ ပွဲစဉ် ၁၀ပွဲစလုံး သရေပွဲမရှိဘဲ အလဲထိုးပွဲ ကိုးပွဲ၊ အကွဲထိုး တစ်ပွဲဖြင့် ပရိသတ်စိတ်ကြိုက် တွေ့ခဲ့သည်။

သုံးချီပွဲများတွင် မဟူရာမိုးနက် (တွံတေး)အား အောင်ဟိန်း (လှိုင်သာယာ)ကလည်းကောင်း၊ စိုးမင်းသား (တွံတေး)အား နိုင်နိုင်(ရွှေလက်ရာ)က လည်းကောင်း၊ သတ္တိခဲ(ရန်ကုန်)အား အောင်ကိုမင်း (တွံတေး)က လည်းကောင်း ပထမအချီ၌ပင် အလဲထိုးအနိုင်ယူခဲ့ကြသည်။

လေးချီအထူးပွဲတွင် ကြယ်စင်အောင် (ရွှေလက်ရာ)အား ကိုဦးလေး(မြို့တော်စည်ပင်)က ဒုတိယအချီ တစ်မိနစ် သုံးစက္ကန့်၌အလဲထိုးပြီး ရဲမိုက်(မြို့တော်စည်ပင်)အား အလင်းသစ် (ရွှေလက်ရာ)က ပထမအချီ ရှစ်စက္ကန့်၌အလဲထိုး အနိုင်ယူလိုက်သည်။

ငါးချီစိန်ခေါ်ပွဲများတွင် မိုက်တိုင်စန် (မြို့တော်စည်ပင်)နှင့် ချန်ဒူးဝမ် (ရွှေလက်ရာ)တို့ပွဲ၌ ခြေတံလက်တံရှည်သော ချန်ဒူးဝမ်၏ ကန်ချက်၊ ထိုးချက်များ ထွက်မလာနိုင်စေရန် မိုက်တိုင်စန်က အတင်းဝင်ပူး၍ ဒူး၊ တံတောင် လက်သီးများသုံးသဖြင့် ချန်ဒူးဝမ်မဟန်နိုင်တော့ဘဲ တတိယအချီ ၂မိနစ် ၄၆ စက္ကန့်၌ ၂ မိနစ် အနားတောင်းရပြီး စတုတ္ထအချီ နှစ်မိနစ် ၄၃စက္ကန့်၌ အလဲကျ အရှုံးပေးလိုက်ရတော့သည်။

လုံးတူဒေါက်တူ နှစ်ယောက်တွေ့ကြသည့် မြနန်းတော်(မြန်မာပြည်သား)နှင့် အာကာဟိန်း (မြို့တော်စည်ပင်)တို့ ပွဲတွင် ဝမ်းတူးချင်းဖလှယ်ကြရာ အာကာ၏ လက်သီးများက မြနန်းတော်ကို ထိသော်လည်းအားမပါ။ မြနန်းတော်က မာမာတင်းတင်းရင်း၍ထိုးသောလက်သီးဒဏ်ကို အာကာဟိန်းမခံနိုင်။ သက်လုံချင်းယှဉ်ရာတွင်လည်း အာကာဟိန်းက သက်လုံအကျမြန်လာပြီး လက်သီးချက်များလေးလံ၍ ဒုတိယအချီ ၁ မိနစ် ၄၅ စက္ကန့်၌ ညာထောက်တစ်လုံးထိရုံမျှဖြင့် အာကာဟိန်း အနားတောင်းရသည်။ ပြန်ဖြည့်ထိုးချိန်၌လည်း မြနန်းတော်အား အာကာဟိန်း၏ ညာဖြောင့်တစ်လုံးနှင့် ဘယ်ထောက်တစ်လုံး ထိသည့်တိုင် ယိုင်နဲ့သွားစေလောက်သော အားမပါသဖြင့် မြနန်းတော်၏ အားပါသော ဘယ်ညာတွဲလုံးများကသာ ဒုတိယအချီ ၂ မိနစ် ၅၈စက္ကန့်၌ အာကာဟိန်းကိုကြမ်းပြင်ပေါ်လှဲချပေးလိုက်သည်။

ကျန်စစ်အောင် (မြို့တော်စည်ပင်)နှင့် ပြည်နယ်၊ တိုင်း လူသစ်တန်းရွှေတံဆိပ်ရှင် မင်းရန်နိုင် (ဘိလပ်မြေစက်ရုံ) တို့ပွဲမှာ သမ္မာနုသော မင်းရန်နိုင်က ကျန်စစ်အောင်၏ ချုပ်လွှတ်တံတောင်၊ ဖြောင်ဗလာဒူး၊ ဘယ်ညာပတ်ခြေများကို မတားဆီးနိုင်သော်လည်း အသည်းမာမာဖြင့် ပါပါဖြင့် ဘယ်တစ်ချက်ကန် ညာတစ်လုံးထိုး တိုက်ကွက်ရိုးရိုး နှင့် ကြိုးစားသည့်တိုင် ဒုတိယအချီ၌ ကျန်စစ်အောင်၏ ဘယ်ပင့်ဒူးကြောင့်အနားတောင်းခဲ့ရသည်။ ပြန်တည်ကြရာ၌လည်း မကြာခဏလဲကျနေပြီး ပဥ္စမအချီ ၄၄စက္ကန့်၌ စတုတ္ထအကြိမ်မြောက် အမှတ်စဉ်ရေခံရ၍ ရှုံးနိမ့်သွားသည်။

နိုင်းဝမ်းလေး (မြို့တော်စည်ပင်)နှင့် ကြယ်တစ်ပွင့်(မြန်မာပြည်သား)တို့၏ ပွဲက ယနေ့ပွဲစဉ်များ၌ အကောင်းဆုံးပွဲ တစ်ပွဲဖြစ်သည်။ ဝါရင့်လက်ဝှေ့သမားနှစ်ဦးတွေ့ကြသည့်ပွဲဖြစ်သည့်အပြင် နှစ်ဦးစလုံးက Boxing ပညာကိုပါ ဆရာအဆင့် တတ်ကျွမ်းထားကြ၍ လှပသောအတိမ်းအထွက်၊ သပ်ရပ်သော အထောက်အထိုးများဖြင့် ပရိသတ် ဩဘာသံနှင့်အတူ ဆုတော်ငွေပါသဲ့ယူနိုင်ကြသည်။ နိုင်းဝမ်းလေးက ညာကန်ချက်နှင့် ဘယ်ညာလက်သီးတွဲလုံး ပစ်သွင်းသည်။ ထို့ပြင် ကြယ်တစ်ပွင့်၏ လက်သီးများကြားမှ ဝင်ချုပ်ကာ ညာပင့်ဒူးသုံးသည်။ ကြယ်တစ်ပွင့်က ဘယ်ထောက်များဖြင့် နိုင်းဝမ်း အဝင်ကိုတားပြီး အားပါသော ညာဖြောင့်သုံးသည်။ ကြယ်တစ်ပွင့်၏ ထိုးချက်များက သပ်ရပ်သကဲ့သို့ အားပါသည့်အတွက် နိုင်းဝမ်းလေးလည်း မစားသာ။

အချိန်ကြာလျှင် သူနာတော့မည်ကို သိလာသော နိုင်းဝမ်းလေးက အမှည့်ခြွေ အခြွေမခံတော့ဘဲ ကြယ်တစ်ပွင့်ကို အစိမ်းခြွေခြွေတော့သည်။ ဒုတိယအချီ စသည်နှင့် ကြောက်ခမန်းလိလိ တိုက်စစ်ဆင်ပြီး လက်သီးများကို ဆက်တိုက်ထိုးရင်း ဘယ်ညာ သဲ့ဒူးများပါ ပူးတွဲလာသည်။ ကြယ်တစ်ပွင့် ဆုတ်ခံခံရင်း ကြိုးဝိုင်းထောင့်ပိတ်မိသွားရာ နိုင်းဝမ်း၏ ဘယ်ညာတွဲလုံးများကြောင့် ဒုတိယအချီ ၂မိနစ် ၂၃စက္ကန့်၌ အနားတောင်းရသည်။ ပြန်အလွှတ်တွင်လည်း နိုင်းဝမ်းလေးက မနားတမ်းတိုက်စစ်ဆင်ကာ လက်သီးမိုးရွာပြန်သည်။ တတိယအချီတွင် ကြယ်တစ်ပွင့်၏ ဘယ်ထောက်လက်သီးကြောင့်နိုင်းဝမ်းလေး ညာမျက်ခုံးထောင့်ကွဲသွားသော်လည်း ဆေးမရှုံးသဖြင့် ဆက်ထိုးရာ နိုင်းဝမ်းလေး၏ လက်သီးဒဏ်ကို သက်လုံကျလာသော ကြယ်တစ်ပွင့်မခံနိုင်တော့ဘဲ တတိယအချီ ၂မိနစ်၁၈စက္ကန့်၌ အလဲထိုးခံလိုက်ရသည်။

ယနေ့ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သော ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား)နှင့် ပြည်နယ်၊တိုင်း ရွှေတံဆိပ်ရှင်တာတိုးဝါး (ဘိလပ်မြေစက်ရုံ) တို့ပွဲတွင် တာတိုးဝါးက အောက်ထောက်ရှင်း ကန်ချက်များနှင့် ညာတစ်လုံးအပိုင်ထိုးသည်။ သူရရဲအောင်က ညာဖြတ်ဒူးနှင့် ဘယ်ဝိုက်လက်သီးသုံးသည်။ အားပါးသော လက်သီးများဖြင့် အပိုင်းထိုးရန် ကြံနေသော တာတိုးဝါးကို သူရရဲအောင်က ဖြောင်ဗလာဒူးပစ်၍ လှစ်ခနဲ ညာတံတောင်ရိုက်သည်။ ထောက်ထိုး ထွက်ထိုးဖြင့် အမှည့်ခြွေရန် ကြိုးစားသည်။

ဒုတိယအချီ ၁မိနစ် ၅၁စက္ကန့်တွင် တာတိုးဝါးက ဖိအလိုက် သူရရဲအောင်က ဆုတ်ခံရင်း ဝိုင်းထောင့်ပိတ်မိသွား၍ လှည့်ထွက်ရန်ကြိုးစားရာ တာတိုးဝါးက ခေါင်းဖြင့်တိုက်၍ တားလိုက်သဖြင့် သူရရဲအောင် မူးမိုက်လဲကျပြီး အနားတောင်းရသည်။

ပြန်တည်ထိုးကြချိန်တွင် တာတိုးဝါး၏ အားပါသော ညာဖြောင့်လက်သီး အကျွံ၌ သူရရဲအောင်က ဘယ်တံတောင်ဖြတ်ဆွဲလိုက်ရာ တာတိုးဝါး နဖူးအထက် ဟက်တက်ကွဲသွား၍ ဆေးရှုံးရှုံးသွားသည်။

မေ ၂၀ရက်(ယနေ့) မွန်းလွဲ ၂နာရီတွင် ပရိသတ်ကြိုက်ပွဲများ ဆက်လက်ထိုးသတ်ဦးမည်ဖြစ်သည်။

(ကြေးမုံ)

နိုင်းဝမ်းလေး (မြို့တော်စည်ပင်) ၏ ညာဖြောင့်လက်သီးကို ကြယ်တစ်ပွင့် (မြန်မာပြည်သား)က ညာကန့်လန့်ဒူးဖြင့် တုံ့ပြန်စဉ်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်နေစဉ်။



အင်တာနက် အားကစား သတင်းများ

ဖီဖာ၏ သတ်မှတ်ချက်၌ အီတလီထိပ်ဆုံး၌ ဆက်ရှိနေ

ပါရီ မေ ၁၉

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ နိုင်ငံအလိုက်ဘောလုံးအဆင့်အတန်း သတ်မှတ်ချက် စာရင်းတွင် ကမ္ဘာ့ချန်ပီယံ အီတလီအသင်း ထိပ်ဆုံးနေရာကို ဆက်လက်ရယူထားနိုင်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယခင်စာရင်းတွင် ဒုတိယနေရာ၌ ရပ်တည်နေခဲ့သော အာဂျင်တီးနားအသင်း၏နေရာသို့ ဘရာဇီးအသင်း ထိုးဖောက်ဝင်ရောက်မှုမှာ ထူးခြားချက်ဖြစ်ကြောင်း၊ ထိပ်တန်းအသင်း ၁၀သင်းမှာ ယခင်နှစ်အတိုင်းပင် အပြောင်းအလဲမရှိကြောင်း၊ စကော့တလန်အသင်းမှာ အဆင့် ၁၄နေရာသို့ ပထမဆုံးအကြိမ် ရောက်ရှိလာကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်

ရီးယဲလ်မဒရစ် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ဟမ်း။

(ဓာတ်ပုံ-အင်တာနက်)



စီးရီးအေအသင်းရှစ်သင်း တန်းဆင်းဇုန်မရောက်ရေး ကြိုးပမ်း

ရောမ မေ ၁၉

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားလျက်ရှိသော အသင်းရှစ်သင်းသည် လက်ရှိဘောလုံးရာသီတွင် နှစ်ပွဲမျှသာကစားရန် ကျန်ရှိတော့ချိန်တွင် တန်းဆင်းဇုန်သို့ မရောက်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားလျက်ရှိသည်။

စီးရီးအေပြိုင်ပွဲဝင် အက်စကိုလီအသင်းနှင့် မက်စီနာအသင်းတို့မှာ တန်းဆင်းဇုန်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီဖြစ်သည်။ စီးရီးအေပြိုင်ပွဲ အမှတ်ပေး ဇယားတွင်အဆင့် ၁၁ နေရာ၌ ရှိနေသော လီဗော်နိုအသင်းနှင့် အဆင့်-၁၇ နေရာရှိ ရက်ဂျီးနားအသင်းတို့၏ အမှတ်ကွာဟချက်မှာ သုံးမှတ်မျှသာ ဖြစ်သည်။

ရက်ဂျီးနားအသင်းနှင့် ချီယေဗိုအသင်းတို့မှာ ၃၆ မှတ်စီဖြင့် တန်းတူရည်တူရပ်တည်လျက်ရှိသည်။ ကာဂလီယာရီအသင်းနှင့် စီရီနာအသင်းတို့မှာ ၃၇ မှတ်စီ ရရှိထားသည်။ ပါးမားအသင်းနှင့် ကာတာနီယာအသင်းတို့မှာ ၃၈ မှတ်စီ ရရှိထားသည်။

တိုရင်နိုအသင်းနှင့် လီဗော်နိုအသင်းတို့မှာ ၃၉မှတ်စီ အသီးသီးရရှိထားသည်။

အင်တာနက်

မေ ၁၃ရက်က ကျင်းပခဲ့သည့် စီးရီးအေဘောလုံးပြိုင်ပွဲ တွင် အေစီမီလန်အသင်းမှ ကလဲရင့်စ် ဆီးဒေါ့ဖ် (ဝဲ)နှင့် ကာတာနီယာအသင်းမှ မာ့ခ်အီဒူဆေးတို့ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချယ်လ်ဆီး၏ ကန်ထရိုက်စာချုပ်သစ် ရီကာဒိုကာဗယ်ဟို လက်မှတ်ရေးထိုး

လန်ဒန် မေ ၁၉

ပေါ်တူဂီ လက်ရွေးစင်ဘောလုံးသမား ရီကာဒိုကာဗယ်ဟိုသည် ငါးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်သစ်အတွက် ချယ်လ်ဆီးအသင်းနှင့် လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရီကာဒိုကာဗယ်ဟိုသည် ၎င်း၏ အသက် ၂၉နှစ်ပြည့် မွေးနေ့ အခါသယမတွင် ကန်ထရိုက်စာချုပ်သစ်ကို လက်မှတ်ရေးထိုးနိုင်သည်။

ရီကာဒိုသည် ဒူးခေါင်းဒဏ်ရာ ရရှိထားခြင်းကြောင့် မေ ၁၉ရက်က ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ကစားနိုင်ခြင်း မရှိပေ။

ရီကာဒိုသည် မိမိတို့အတွက် အားထားရသော ဘောလုံးသမားဖြစ်ပြီး လက်ရှိဘောလုံးရာသီတွင် ထူးထူးခြားခြား ကစားနိုင်ခဲ့သူဖြစ်ကြောင်း ချယ်လ်ဆီး အမှုဆောင် အရာရှိချုပ် ပီတာကင်ယွန်က ပြောကြားသည်။

အင်တာနက်

ပေါ်တူဂီ ဘောလုံးသမား ရီကာဒို ကာဗယ်ဟို။

(ဓာတ်ပုံ-အင်တာနက်)

ဒေးဗစ်ဘက်ဟမ်း လာလီဂါ ဘောလုံးပြိုင်ပွဲသို့ ပြန်ရောက်လာ

မဒရစ် မေ ၁၉

ရီးယဲလ်မဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်းသည် ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ပြီးနောက် လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ပြန်လည်ကစားရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ ၎င်း၏ အသင်းသည် ၂၀၀၃ခုနှစ်နောက်ပိုင်း စပိန်ချန်ပီယံဆုဖလားရရှိရန် လေးပွဲမျှသာ ကစားရတော့မည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရီးယဲလ်မဒရစ်အသင်းသည် လာလီဂါဘောလုံးပြိုင်ပွဲ၏ အမှတ်ပေးဇယားတွင် ၆၆မှတ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ ယင်းအသင်းကို အနီးကပ်ယှဉ်ပြိုင်လျက်ရှိသောအသင်းမှာ ဘာစီလိုနာအသင်းဖြစ်သည်။

လာလီဂါဆုဖလားသည် မိမိတို့၏ လက်တစ်ကမ်းအကွာတွင်ရှိနေသော်လည်း ယှဉ်ပြိုင်ရမှုမှာ ပြင်းထန်လှကြောင်း ရီးယဲလ်မဒရစ်အသင်းနည်းပြ ကာပယ်လိုက ပြောကြားသည်။ ***အင်တာနက်။***

ဗုဒ္ဓခြေတော်ရာဖူး ကြွမည်

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်၊ ဝင့်သကာ၊ သစအ ဓမ္မာစရိယ)၊ အရှင်ဝိလာသ(ဝေမိုး-ကျွန်းလှ)နှင့် ယူပီဂျီကုမ္ပဏီဥက္ကဋ္ဌ ဦးကြည်ဝင်းတို့ပါဝင်သော အဖွဲ့ဝင် ၁၇ဦးတို့သည် ထိုင်းနိုင်ငံ ဝပ်မဟာဓာတ်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏကုသလ(သာသနဓဇ ဓမ္မာစရိယ)၏ ပင့်ဖိတ်မှုဖြင့် ထိုင်းနိုင်ငံရှိဗုဒ္ဓခြေရာတော်များ ဖူးမြော်သုတေသနပြုပြီး ဗုဒ္ဓယဉ်ကျေးမှုအထိမ်းအမှတ်နေရာဌာနများသို့ သွားရောက်လေ့လာကြည်ညိုနိုင်ရန် ရန်ကုန်မြို့မှ မေ ၂၁ ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (က-ပ)

လေးပွင့်ဆိုင်ခြေစမ်းပွဲ ယနေ့စတင်ကျင်းပမည်

ရန်ကုန် မေ ၁၉

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာယူ-၂၃ လက်ရွေးစင်ဘောလုံးအသင်းရွေးချယ်ဖွဲ့စည်းရန် လေးပွင့်ဆိုင်လူရွေးခြေစမ်းပွဲများကို မေ၂၀ရက်(ယနေ့)မှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။

လေးပွင့်ဆိုင်ခြေစမ်းပွဲကစားမည့်အသင်းများမှာ အဆင့်မြင့်တန်းတွင် ခြေစွမ်းပြနေသည့် ဝါရင့်ကစားသမားများနှင့်လူသစ်ကစားသမားများအား သုံးသင်းဖွဲ့စည်းပေးထားပြီး ဘရာဇီးနည်းပြ မားကို့စ်အန်တိုနီယိုဖလော်ပါ လေ့ကျင့်နေသည့် ယူ-၂၃ အသင်းတစ်သင်း ပါဝင်မည်ဖြစ်သည်။

လေးပွင့်ဆိုင် ခြေစမ်းပွဲတွင် ပဏာမလက်ရွေးစင် အနီ၊အဝါ၊ အဖြူ၊ အစိမ်း အသင်းလေးသင်းက ပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ခြေစမ်းပွဲများကို မေ ၂၀၊ ၂၁၊ ၂၃၊ ၂၄၊ ၂၆၊ ၂၇ရက်များတွင် ကျင်းပမည်ဖြစ်သည်။ မေ ၂၀ ရက်တွင် အဝါအသင်းနှင့် အစိမ်းအသင်း၊ ၂၁ ရက်တွင် အနီအသင်းနှင့် အဖြူအသင်း၊ ၂၃ရက်တွင်အနီအသင်းနှင့် အစိမ်းအသင်း၊ ၂၄ ရက်တွင် အဝါအသင်းနှင့် အဖြူအသင်း၊ ၂၆ရက်တွင် အစိမ်းအသင်းနှင့် အဖြူအသင်း၊ ၂၇ ရက်တွင် အနီအသင်းနှင့် အဝါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ညနေ ၄နာရီတွင် စတင်မည်ဟုသိရသည်။

ယူ-၂၃အသင်း

ဘရာဇီးနည်းပြ မားကို့စ်အန်တိုနီယိုဖလော်ပါ ကိုင်တွယ်သည့် ပဏာမလက်ရွေးစင် အနီအသင်းတွင် ဂိုးသမား ကျော်ဇင်ထက်(ဆောက်လုပ်ရေး)၊ ဟိန်းကျော်သူ (မြို့တော်စည်ပင်)၊ နောက်တန်း - ခင်မောင်လွင်(လယ်/ဆည်)၊ အေးဆန်း(ကမ္ဘောဇ)၊ မိုးဝင်း(စီးပွား/ကူးသန်း)၊ ထူးကျော်(ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ အလယ်တန်း-စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ နေဝင်း(ကမ္ဘောဇ)၊ ကျော်ဌေးဦး(မြို့တော်စည်ပင်)၊ မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ရာဇာဝင်းသိန်း(စီးပွား/ကူးသန်း)၊ ရှေ့တန်း - ပိုင်စိုး(ဘဏ္ဍာ/အခွန်)၊ တင်အောင်မိုး(လယ်/ဆည်)၊ ရဲဝေယံစိုး(ကာကွယ်ရေး)နှင့် လှအေးထွေး(မြို့တော်စည်ပင်) တို့ပါဝင်ကြသည်။ ယင်းအသင်းတွင် လက်ထောက်နည်းပြများအဖြစ် ဦးဉာဏ်ဝင်းနှင့် ဦးအောင်နိုင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က ဆောင်ရွက်နေသည်။

အစိမ်းရောင်အသင်း

အစိမ်းရောင် အသင်းတွင် အုပ်ချုပ်သူဦးစိုးမြင့်လွင်၊ နည်းပြ-ဦးဇော်ဝင်းထွန်းက ဆောင်ရွက်နေပြီး ကစားသမားများအဖြစ် ဂိုးသမား သီဟစည်သူ(စီးပွား/ကူးသန်း)၊ ညီညီလွင်(ပြည်ထဲရေး)၊ နောက်တန်း-ကျော်ခိုင်ဝင်း(စွမ်းအင်)၊ မျိုးဇော်ထွန်း(စီးပွား/ကူးသန်း)၊ ကျော်ဇေယျာဝင်း(ပို့ဆောင်ရေး)၊ မင်းကိုကို(စီးပွား/ကူးသန်း)၊ ဝင်းမင်းထွဋ်(ပို့ဆောင်ရေး)၊ ချမ်းချမ်း(စီးပွား/ကူးသန်း)၊ အလယ်တန်း-အောင်ကျော်ထွန်း(သစ်တော)၊ ညွှန့်ဝင်း(ပို့ဆောင်ရေး)၊ အောင်ကိုမင်း(ကာကွယ်ရေး)၊ အောင်မြင့်အေး(မြို့တော်စည်ပင်)၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ ရှေ့တန်း-စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ စည်သူသန်း (ဆောက်လုပ်ရေး)၊ ဟိန်းရာဇာဝင်း (လယ်/ဆည်)နှင့် ရန်ပိုင်(ဘဏ္ဍာ/အခွန်)တို့ ပါဝင်ကြသည်။

အဖြူရောင်အသင်း

အုပ်ချုပ်သူ - ဦးတင်ဟန်၊ နည်းပြ-ဦးဌေးမြင့်တို့ကိုင်တွယ်သည့်အဖြူရောင်အသင်းတွင် ဂိုးသမား ကျော်မင်းလှိုင်(စွမ်းအင်)၊ ဇော်မိုးထက်(စီးပွား/ကူးသန်း)၊ နောက်တန်း-မင်းသူ(စီးပွား/ကူးသန်း)၊ နေဝင်းအောင်(ကာကွယ်ရေး)၊ ဇော်လင်းထွန်း-၂(စီးပွား/ကူးသန်း)၊ နေလင်းထိုက် (မြို့တော်စည်ပင်)၊ ဇော်ခါ(စီးပွား/ကူးသန်း)၊ ကျော်ဒွန်း(ပို့ဆောင်ရေး)၊ အလယ်တန်း-ပြည့်ဖြိုးဦး(ပို့ဆောင်ရေး)၊ အောင်ရဲထွဋ်(စီးပွား/ကူးသန်း)၊ စည်သူမောင်(သစ်တော)၊ အောင်သန်းဝင်း(ကမ္ဘောဇ)၊ နိုင်ဝင်း(စွမ်းအင်)၊ ရာဇာစိုး(ကမ္ဘောဇ)၊ ရှေ့တန်း-ကျော်သီဟ(ကမ္ဘောဇ)၊ သူရိန်စိုး(မြန်မာ့မီးရထား)၊ မင်းမင်းထွန်း(ဆောက်လုပ်ရေး)နှင့် စိုင်းသန်းအောင်(စွမ်းအင်)တို့ ပါဝင်ကြသည်။

အဝါရောင်အသင်း

အဝါရောင်အသင်းတွင်အုပ်ချုပ်သူအဖြစ် ဦးခင်မောင်တင့်၊ နည်းပြဆရာအဖြစ် ဦးကျော်လွင်၊ အားကစားသမားများအဖြစ် ဂိုးသမား အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ဖြိုးမင်းမောင်(ပို့ဆောင်ရေး)၊ နောက်တန်း-ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ သူရအောင် (ဘဏ္ဍာ/အခွန်)၊ ကျော်ဇေယျာမင်း(ပို့ဆောင်ရေး)၊ တိုးမြင့်လှိုင် (ကာကွယ်ရေး)၊ အောင်ဝင်းနိုင်(မြို့တော်စည်ပင်)၊ အောင်ထွန်းလင်း (ဘဏ္ဍာ/အခွန်)၊ အလယ်တန်းထက်အောင် (ပို့ဆောင်ရေး)၊ ညီညီစိုး(သစ်တော)၊ အောင်မိုး(မြို့တော်စည်ပင်)၊ မျိုးဇော်ဦး(စွမ်းအင်)၊ ကျော်သက်ဦး(ကမ္ဘောဇ)၊ ထွန်းလင်းအောင်(ဆောက်လုပ်ရေး)၊ ရှေ့တန်း-အောင်ကျော်မျိုး (စွမ်းအင်)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ စိုးမင်းဦး (မြို့တော်စည်ပင်)နှင့် ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း) တို့ပါဝင်ကြသည်။ (ကြေးမုံ)

နှစ်ဖက်မိဘမောင်နှမများအားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်း မြန်မာ့မီးရထားအရာရှိရိပ်သာနေ ဦးသိန်းထွန်း-ဒေါ်ခင်ခင်နှင့် သား၊ သမီး၊ မြေးများ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်း၊ ဆွမ်းပဒေသာပင်အတွက် ကျပ်တစ်သောင်း၊ ပစ္စည်းလေးပါး ပဒေသာပင်အတွက် ကျပ်တစ်သောင်း၊ ရေမီးဆေးပဒေသာပင် အတွက် ကျပ်ငါးထောင်၊ စုစုပေါင်း ငွေကျပ် ၁၂၅၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေဆင်မင်းဦးတင်ရွှေထံပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း တည်ဆောက်လျက် **ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တာမွေမြို့နယ် (၁၆၆)လမ်းနေ နှစ်ဖက်မိဘများကို အမှူးထား၍ ဦးအောင်မြတ်-ဒေါ်မြင့်မြင့်စိန်၊သား-မောင်ရဲမြတ်သူ၊ သမီး-မစန္ဒာ၊ မပန်းခြူးခြူး မိသားစုက ဦးဆောင်နာယက ရတနာဇေယျကျောင်းဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘချို့နှင့် ဦးအုန်းမောင်တို့ လက်ခံယူစဉ်။** (က-ပ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်ထိန်းတပ်ဖွဲ့က ဖွင့်လှစ်သော အခြားအဆင့် တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်း အမှတ်စဉ်(၃/၂၀၀၇) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၆) ရပ်ကွက်ရှိ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဝင်းနိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းတွင် စွမ်းရည်သုံးရပ် ပထမဆုရ လ-၁၉၆၁၅၀ ရဲတပ်ကြပ်ထက်ကိုကို၊ ဒုတိယဆုရ လ-၁၉၀၀၃၅ ရဲအရာခံဌေးဝင်းနှင့် တတိယဆုရ လ-၁၈၅၃၄၈ ရဲတပ်ကြပ် ကျော်မြင့်အောင်တို့အား ဒုတိယကွပ်ကဲရေးမှူးရဲမှူးကြီးဝင်းနိုင်က ဆုများအသီးသီး ချီးမြှင့်ပြီး သင်တန်းသားများ၏ သင်တန်းဆင်း လက်မှတ်များကို သင်တန်းဆင်းတပ်ဖွဲ့ဝင်များ ကိုယ်စား သင်တန်းသား တပ်ခွဲမှူး လ-၁၈၄၃၇၆ ဒုတိယ ရဲအုပ်တင်ကိုသို့ ပေးအပ်သည်။ ယင်းသင်တန်းသို့ ပြည်နယ်၊ တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ သင်တန်းသား အရာရှိ နှစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၉၈ဦး စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့က ဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်း အမှတ်စဉ်(၃/၂၀၀၇)သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဝင်းနိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၅-၂၀၀၇

နေပြည်တော်
၀ ဒသမ ၇၅ လက်မ

မင်းကင်း
၅ ဒသမ ၅၉ လက်မ

ကိုကိုးကျွန်း
၃ ဒသမ ၅၈ လက်မ

သံတွဲ
၃ ဒသမ ၂၇ လက်မ

မိုးကုတ်
၂ ဒသမ ၇၆ လက်မ

ခရမ်းနှင့် ပုသိမ်
၂ ဒသမ ၆၄ လက်မ

ကန့်ဘလူ
၂ ဒသမ ၅၆ လက်မ

ဝ
၂ ဒသမ၂၄ လက်မ

ထားဝယ်
၂ ဒသမ ၀၈ လက်မ

ပဲခူး
၂ ဒသမ ၀၅ လက်မ

(၃၂)နှစ်ပြည့်မင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း)နှင့် မေမေ ဒေါ်ခင်ချိုချိုတို့၏ ၂၀-၅-၂၀၀၇ ရက်တွင် ကျရောက်သော (၃၂)နှစ်ပြည့် မင်္ဂလာမှသည် နှစ်ပေါင်း(၁၀၀)ကျော်တိုင်အောင် ချစ်သောမိသားစုနှင့် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သော သားသမီးများ-

ထွန်းထွန်းဝင်း-ချိုစံပယ်ဝင်း
ရဲသီဟဝင်း-နှင်းရည်အောင်
ဗိုလ်မှူးမင်းထွဋ်-ချိုငြိမ်းချမ်းဝင်း
ဥက္ကာ

ချစ်သောမြေးများ-

ပိုပို၊ ပေါက်စီ၊ သာသာ၊ မှူးမှူး၊ ဘိုဘို

မိခင်ကြီးဒေါ်တင်တင်၏ (၅)နှစ်ပြည့်အား ရည်စူး၍ ကြံခင်းမြို့ ဗိုလ်ချုပ်လမ်းနေ ဦးစိုးမြင့်(Mother Trading)-ဒေါ်လှလှဌေး မိသားစုတို့က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာချစာသင် သံဃာတော်များအား မိုးကုတ်ဆွမ်းစားကျောင်း၌ မေ ၁၆ ရက်က တစ်နေ့တာ ဆွမ်းကပ်လှူပြီး အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇း၀၅	ခန္ဓာပဋိစ္စသမုပ္ပာဒ်ရှင်းတရားတော်(အပိုင်း-၁) (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၄၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ကလောမှာထင်ရှား ရွှေဥမင်ဘုရား
၈း၅၀	နိုင်ငံတကာ အနုပညာရေးရာ
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်း အကျဉ်း
၉း၃၀	ရိုက်ကွင်းပေါ်မှ အမှတ်တရများ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	သီနံ့စိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ သုံးစွဲနည်း"
၉း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၀	နာမကျန်းသူတွေအတွက် မှီခိုအားထားရာ မေတ္တာရိပ်၏စေတနာ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	နယဉ်ဆန်းထွင် ပန်းအလှဆင် (ယပ်တောင်ပုံ ပန်းအိုးထိုးနည်း) (ပန်းအိုးအသေး)
၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ပြည်တွင်းမှာပင် ထုတ်လုပ်သည် နိုင်ငံတကာစံချိန်မီ
၁၁း၂၀	ဂီတသံစဉ်အလှဆင် (ကော်နီ)
၁၁း၃၅	ပြည်တွင်းသတင်း အကျဉ်း
၁၁း၄၅	သွေးပြန်ကြောအားနည်းရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ပါမောက္ခဒေါက်တာ ခင်မောင်အေး)
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	EURO GOALS
၁၂း၄၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၂း၅၀	ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၁၂း၀၀	MRTV-4 အပိတ်Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Empoli-Reggina	5-Sports(Live)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနယ်မြေ ယုဇနလမ်းနှင့် နွယ်သာကီလမ်းထောင့်ရှိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငြေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါအဆောက်အအုံ ရှေ့ခြံကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငြေးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးဆက်လက်၍ အဆောက်အအုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှငြေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကုန်သည်၊ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှငြေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၀-၅-၂၀၀၇

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်၊ ပါတီ၏လုပ်ဆောင်ချက်များအပေါ် စိတ်ဝင်စားမှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၃၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးတင်အေး၊ ဦးသန်းမောင်၊ ဦးလှစိုး၊ ဦးထွန်းအောင်၊ ဦးအေးလွင်၊ ဦးလှသန်း၊ ဦးဟန်တင်၊ ဦးသောင်း၊ ဦးမြင့်ရွှေနှင့် ဦးသာစိန်တို့အပါအဝင် ပါတီဝင် ၃၇ဦးတို့သည် မေ ၁၁ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုခြင်း မရှိတော့ကြောင်း၊ ပါတီ၏လုပ်ဆောင်ချက်များအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ချယ်လ်ဆီးအသင်း ဗိုလ်စွဲ

လန်ဒန် မေ ၁၉

အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားရုံသစ်တွင် ယနေ့ကျင်းပသည်။

ချယ်လ်ဆီးအသင်းနှင့် မန်ချက်စတာယူနိုက်တက် အသင်းတို့ ဗိုလ်လုပွဲ မကစားမီ ပွဲကြည့်ပရိသတ် ၉၀၀၀၀ ဆံ့ ဝင်ဘလေ အားကစားရုံသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင်ဗိုလ်စွဲသည့်ချယ်လ်ဆီးအသင်းအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။